# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်　　၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့　　အတွဲ(၆၆)၊ အမှတ်(၀၁၄)


**သူတော်ကောင်းတရား ကြားနာရခြင်း**

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများအား စိတ်ပါဝင်စားစွာကြည့်ရှုစဉ်။

## နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား

နေပြည်တော် အောက်တိုဘာ ၁၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအား ထားဝယ်မြို့ရှိ ပုလဲဧကရီခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❍

### ယနေ့ မာတိကာ

**ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင် ဖွင့်လှစ်ပေးနိုင်ရန် အဆိုကို ဆွေးနွေး**

လွှတ်တော်ရေးရာ ➤ ၆

**NCA စာချုပ်မှသည် ထာဝရ ငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ .....**

ဆောင်းပါး ➤ ၈

**တိုကျိုမြို့အနီးတွင် နောက်ဆုံးပေါ် ဒီဂျစ်တယ်နည်းပညာပြပွဲ 2026 စတင်ဖွင့်လှစ်**

နိုင်ငံတကာသတင်း ➤ ၁၄

### ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ရန်ကုန်**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

## မိုင်းရယ်မြို့နယ်၌ မူးယစ်ကင်းစင်သော လူမှုအသိုက်အဝန်းဆီသို့ ပြည်သူ့စကားဝိုင်းကျင်းပ

မိုင်းရယ် အောက်တိုဘာ ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား ကျောင်းသူ လူငယ်များ မူးယစ်ဆေးဝါးဆိုင်ရာ အသိပညာ ဗဟုသုတတိုးပွားစေရန်အတွက် မူးယစ်ကင်းစင်သော လူမှုအသိုက်အဝန်းဆီသို့ ပြည်သူ့စကားဝိုင်း (Public Talk) အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း ရတနာခန်းမ၌ ကျင်းပသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ✻



## မိုးတိမ်တောင်များကြောင့် မိုးရွာသွန်းခြင်းနှင့် လေပြင်း တိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၁၃

မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ



## (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ ဆက်လက်ကျင်းပ

## ယနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၄၇၄ တွဲ ရောင်းချနိုင်ခဲ့

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၂၆ ခုနှစ် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆဋ္ဌမနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပလျက်ရှိရာ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ▼




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

❍ *ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**❖ တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိ**

**❖ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့် လေယာဉ်ဆိုက်ရောက် ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုအား ဆောင်ရွက်စေခဲ့ခြင်းဖြစ်**

**❖ ရေး-ထားဝယ် ရထားလမ်းသစ် ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက် များပြားလာစေနိုင်မည်**

### ဒေသဆိုင်ရာအချက်အလက်များနှင့် လိုအပ်ချက်များအား ဆွေးနွေးတင်ပြ

ဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက ဒေသဆိုင်ရာ အချက်အလက်များ၊ တိုင်းဒေသကြီးအတွင်း မြေအသုံးချမှုနှင့် မိုးရွာသွန်းမှုအခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဝမ်းစာဖူလုံမှုအခြေအနေများ၊ ပဲမျိုးစုံစိုက်ပျိုးထွက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာစေရေး သုတေသနစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဆီကြမ်းထွက်ရှိမှုနှင့် ဒေသဆီဖူလုံမှုရှိစေရေးအတွက် ဆီချောစက်ရုံတည်ဆောက်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဆီအုန်းစိုက်ပျိုးမှုမှ ဒေသဝင်ငွေရရှိမှု၊ ရော်ဘာ၊ ကော်ဖီ၊ ကိုကိုးပင်များ စိုက်ပျိုးထုတ်လုပ်လျက်ရှိမှု၊ မွေးမြူရေး ရေထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုနှင့် တင်ပို့နိုင်မှု၊ ပုစွန်သားဖောက်စခန်းတည်ဆောက်နေမှု၊ ပုလဲ၊ မုတ်ခွံ မွေးမြူထုတ်လုပ်နိုင်မှု၊ နှစ်အလိုက် အိမ်မွေးငှက်သိုက်ထုတ်လုပ်မှုနှင့် အခွန်ကောက်ခံရရှိမှု၊ ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူမှုရေးကဏ္ဍများ မြင့်မားတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းနေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရော်ဘာမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု၊ တိုင်းဒေသကြီးအတွင်း သဘာဝဘေးဒဏ်ကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် မြို့မိမြို့ဖများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီးသို့ လာရောက်လည်ပတ်ကြမည့် ခရီးသွားအပန်းဖြေဧည့်သည်များ ပိုမိုအဆင်ပြေစွာ အများအပြား လာရောက်လည်ပတ်နိုင်ရေးနှင့် ဒေသခံပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးတို့ကို အထောက်အပံ့ဖြစ်စေနိုင်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ပြေးဆွဲနေသည့်လေကြောင်းလိုင်းများ၏ လေယာဉ်လက်မှတ်ခနှုန်းထားများ ဖြေလျှော့ပေးစေလိုမှု၊ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံတော်သမ္မတကြီးအနေဖြင့် မြိတ်ဒေသသို့ရောက်ရှိစဉ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့ မြို့မအားကစားကွင်းအား အဆင့်မြှင့်တင်ခြင်း၊ မြိတ်လေယာဉ်ကွင်း အဆင့်မြှင့်တင်တိုးချဲ့ခြင်း၊ မြိတ်ပြည်သူ့ဆေးရုံအား ခုတင် ၃၀၀ ဆံ့ ဆေးရုံအဖြစ် အဆင့်မြှင့်တင်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့မှုများအတွက် ဒေသခံများအားလုံးအနေဖြင့် အထူးပင်ဝမ်းမြောက်ကျေးဇူးတင်လျက်ရှိမှု၊ ဒေသခံများနှင့် ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ မြိတ်မြို့ဒေသခံများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိမှု၊ လေယာဉ်ကွင်းအဆင့်မြှင့်တင်ခြင်းပြီးစီးပါက ဒေသထွက်တန်ဖိုးမြှင့် ရေထွက်ပစ္စည်းထုတ်ကုန်များအား ကုန်တင်လေယာဉ်များဖြင့် ပြည်ပနိုင်ငံဈေးကွက်များသို့ တင်ပို့နိုင်ရေး ဆက်သွယ်ဆောင်ရွက်လျက်ရှိမှု၊ ဒေသတွင်းထွက်ရှိသည့် သဘာဝငှက်သိုက် ထုတ်ကုန်များအား အသေးစားလုပ်ငန်းများဈေးကွက်တွင် ကျယ်ကျယ်ပြန့်ပြန့် ဝင်ရောက်ဖြန့်ဖြူး ရောင်းချနိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းမှထွက်ရှိသည့် ရော်ဘာကုန်ကြမ်းများကို အသုံးပြု၍ ရော်ဘာလက်အိတ်များအပါအဝင် အခြားတန်ဖိုးမြှင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုချေးငွေရရှိရေး နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းလိုအပ်သည့် လူသုံးကုန်ပစ္စည်းများအား ဒေသတွင်း၌ပင် ထုတ်လုပ်အသုံးပြုနိုင်ရေးအတွက် လိုအပ်သည့် စက်ကိရိယာများ ဝယ်ယူရန်နှင့် ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်နိုင်ရန် ချေးငွေရရှိလိုမှု၊ တိုင်းဒေသကြီးအတွင်း ရေထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်လာစေရေး၊ ဒေသအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးနိုင်ရေး၊ အခြေခံလူတန်းစား ရေလုပ်သားတို့၏ မိသားစုရပ်တည်မှု အဆင်ပြေစေရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်များ၊ မူဝါဒနှင့် ညွှန်ကြားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုနှင့် နိုင်ငံတော်မှလိုအပ်သည်များကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှု၊ ပြည်တွင်းစားသုံးဆီဖူလုံမှုကို အထောက်အပံ့ဖြစ်စေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိမှုနှင့် အခြားဒေသဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

### ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆွေးနွေးတင်ပြမှုများအပေါ် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးပြောကြားရာတွင် တနင်္သာရီတိုင်းဒေသကြီးအတွင်းသို့ ပြည်တွင်းလေကြောင်းလိုင်းများ ပြေးဆွဲစေလျက်ရှိပြီး လိုက်ပါစီးနင်းသည့် ခရီးသည်ဦးရေနှင့် လေကြောင်းခရီးစဉ်ပြေးဆွဲမှုအတွက် ကုန်ကျစရိတ်တို့အပေါ် မူတည်တွက်ချက်၍ လေယာဉ်လက်မှတ်ခနှုန်းထားများကို သတ်မှတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး သင့်လျော်သည့်နှုန်းထားရရှိအောင် စီမံဆောင်ရွက်ပေးလျက်ရှိမှု၊ ထားဝယ်ဒေသသို့ ရက်သတ္တပတ် တစ်ပတ်လျှင် လေကြောင်းခရီးစဉ် ၇ ခေါက်ပြေးဆွဲပေးလျက်ရှိမှုနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ လေဆိပ်အဆင့်မြှင့်တင်ခြင်းနှင့် လေယာဉ်ပြေးလမ်းတိုးချဲ့ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက် အဆင်ပြေချောမွေ့လာနိုင်မည့် အခြေအနေများ၊ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်စီမံကိန်း အကောင်အထည်ဖော်ဆောင်လျက်ရှိမှုနှင့်အတူ ဖြစ်ပေါ်လာနိုင်မည့် ဒေသဖွံ့ဖြိုးတိုးတက်လာနိုင်မည့် အခွင့်အလမ်းများ၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုများ ပိုမိုလျင်မြန်ချောမွေ့လာစေရေး၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် သဘာဝငှက်သိုက် ထုတ်လုပ်မှုလုပ်ငန်းများအနေဖြင့် စနစ်ကျသည့် ထုတ်လုပ်မှုဖြစ်စေရေး ဆောင်ရွက်သွားရန်လိုအပ်မှုနှင့် ဈေးကွက်ကျယ်ကျယ်ပြန့်ပြန့်ရရှိရေးနှင့် ချေးငွေများရရှိရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်၍ မူဝါဒသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်သွားကြရန်လိုအပ်မှု၊ တိုင်းဒေသကြီးအတွင်း မြေယာအသုံးချမှုများနှင့်ပတ်သက်၍ ခွင့်ပြုပေးထားသည့် လုပ်ငန်းအမျိုးအစားအလိုက် စနစ်တကျနှင့် အကျိုးရှိရှိ အသုံးချဆောင်ရွက်သွားကြရန် လိုအပ်သည့်အခြေအနေများ၊ တိုင်းဒေသကြီးအတွင်း ကြွယ်ဝစွာတည်ရှိနေသည့် စွမ်းအင်အရင်းအမြစ်များမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ထုတ်ယူသုံးစွဲ၍ ဒေသနှင့်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိရှိဆောင်ရွက်သွားနိုင်သည့်အခြေအနေများ၊ ဒေသထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် MSME ပြပွဲများ ကျင်းပ၍ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ တန်ဖိုးမြှင့် ရော်ဘာထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် စက်ရုံတည်ဆောက်နိုင်ရေး လိုအပ်သည်များကို ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ဦးဆောင်၍ အားပေးဆောင်ရွက်ပေးလျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်း ဆွေးနွေးပြောကြားကြသည်။

### နိုင်ငံတော်၏နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုနှင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများ မဖြစ်မနေ လုပ်ဆောင်ရန်လိုအပ်မှု

ထို့နောက် နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မိမိအနေဖြင့် နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရပြီးနောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးသို့ ပထမဆုံးအကြိမ်အဖြစ် ရောက်ရှိခြင်းဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် တစ်နှစ်ပတ်လုံး မိုးရေချိန်ကောင်းမွန်စွာရရှိသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး ဒေသ၏ ရေခံမြေခံကောင်းများ၊ ပိုင်ဆိုင်ထားရှိသည့် အရင်းအမြစ်များ၊ အခြေခံအချက်အလက်များအပေါ် မူတည်၍

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်နိုင်ရန် စီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် ရေခံမြေခံနှင့် အရင်းအမြစ်ကောင်းများစွာကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သော်လည်း နိုင်ငံရေးအရ လှုံ့ဆော်သွေးထိုးမှုများကြောင့် အချို့သောနေရာများ၌ လုံခြုံရေးအရ အားနည်းချက်များနှင့် မငြိမ်မသက်မှုများ ဖြစ်ပေါ်လျက်ရှိကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကန့်သတ်ချက်များ ဖြစ်ပေါ်လျက်ရှိနေကြောင်း၊ ဒေသနှင့်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသည့် နိုင်ငံရေးအရ အမြတ်ထုတ်အသုံးချနေကြသည့် ပြည်ဖျက်မီဒီယာများ၊ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၏ စကားများကို နားယောင်ကာ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်မှုမရှိခြင်းသည် ပညာရေးအရ အားနည်းချက်များရှိခဲ့ခြင်း၏ အကျိုးဆက်ပင်ဖြစ်ကြောင်း။

နိုင်ငံသားတစ်ဦးချင်းစီ၏ အတန်းပညာများ မြင့်မားလာမှသာ အသိပညာ၊ ခံယူချက်၊ ယုံကြည်မှုစိတ်ဓာတ်နှင့် စည်းကမ်းများ ကောင်းမွန်လာမည်ဖြစ်ပြီး တွေးခေါ်မြော်မြင်မှုများ မှန်ကန်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများ၌လည်း နိုင်ငံရေးအရ သဘောထားတိုက်ဆိုင်မှုမရှိခြင်းများကြောင့် ဆူပူဆန္ဒပြမှုများ ဖြစ်ပေါ်လေ့ရှိကြသည်ကို တွေ့မြင်ကြရမည်ဖြစ်သော်လည်း နိုင်ငံ၏အနာဂတ်ကို ထိခိုက်ပျက်စီးစေမည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စသည့် အကျိုးစီးပွားများနှင့် အခြေခံအရင်းအမြစ်များကို ထိခိုက်ပျက်စီးအောင် ဆောင်ရွက်ကြခြင်းများမရှိကြကြောင်း၊ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးစီးပွားကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးအရ ပြုပြင်ပြောင်းလဲမှုများကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ခေတ်အဆက်ဆက်အစိုးရများအနေဖြင့် နိုင်ငံရေးစနစ်အမျိုးမျိုးကို ပြောင်းလဲကျင့်သုံးခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ခေတ်စနစ်များအလိုက် ကောင်းမွန်သည်များရှိခဲ့သကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပြည်သူလူထုတစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး တပ်မတော်မှ ဆောင်ရွက်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီအစိုးရသစ် ထွက်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ဒီမိုကရေစီဒုတိယအစိုးရလက်ထက် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မည်သို့မျှလက်ခံ၍ မရနိုင်သည့် မဲမသမာမှုဖြစ်စဉ်ဖြစ်ပေါ်ခဲ့ပြီး ထိုအချိန်က နိုင်ငံတော်တွင် တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အတွက် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့ကြရကြောင်း၊ ထိုအချိန်တွင် နိုင်ငံရေးအရ သဘောထားမတိုက်ဆိုင်မှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှုများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ အားပေးထောက်ပံ့မှုဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများ ဖြစ်ပေါ်လာခဲ့ပြီး အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ဆောင်ရွက်ကာ တိုင်းပြည်ကို ဖျက်ဆီးလာခဲ့ကြကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေရချိန်အတွင်း နိုင်ငံရေးအရ ဖြစ်ပေါ်လာသည့် ပဋိပက္ခများ၊



**နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသူများအား ချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်စဉ်။**

နိုင်ငံရေးအရ၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ၊ လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများ စသည့် အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို ရနိုင်သမျှသောအင်အားစုများ၊ တာဝန်သိပြည်သူများနှင့် သစ္စာရှိဝန်ထမ်းများ၏ ပူးပေါင်းပါဝင်မှုများဖြင့် ကြိုးစားရုန်းကန်၍ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ကြောင်း။

လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲမှတစ်ဆင့် ပေါ်ပေါက်လာသည့် လွှတ်တော်နှင့်အစိုးရတို့ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးဟူသည့် ဦးစားပေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း။

## စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းနှင့် အရင်းအမြစ်များ များစွာရှိပြီးဖြစ်ကြောင်း၊ ဆီအုန်း၊ ရော်ဘာ၊ ဒူးရင်း စသည့် နှစ်ရှည်ပင်များအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းပြီး စိုက်ပျိုးထုတ်လုပ်မှုများ ပိုမိုတိုးတက်စေရေး စိုက်ပျိုးရေးသုတေသနများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ ဒေသတွင်း စိုက်ပျိုးဖြစ်ထွန်းသည့် ကိုကိုးပင်များကိုလည်း နှစ်ရှည်သီးနှံပင်များနှင့်တွဲ၍ တိုးချဲ့စိုက်ပျိုးသွားကြခြင်းဖြင့် ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်လာစေမည်ဖြစ်ကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ဒေသဝမ်းစာဖူလုံကိုက်ညီမှုရှိအောင် မွေးမြူထုတ်လုပ်နိုင်မည်ဆိုပါက အသား၊ ငါး ဈေးနှုန်းကြီးမြင့်မှုများကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသတွင်းမှ ထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြင့် တိရစ္ဆာန်အစာများ ထုတ်လုပ်မွေးမြူကြမည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဦးဆောင်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဒေသတွင်းထုတ်လုပ်မှုနှင့် စားသုံးမှုများ မျှတအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဘဝများ တိုးတက်လာအောင် ဖော်ဆောင်ပေးသွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ အတတ်ပညာ၊ အသိပညာများ ကြွယ်ဝစေရေး၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပေါ်ထွက်လာစေရေး စက်မှု၊ စိုက်ပျိုးမွေးမြူရေး အခြေခံပညာ အထက်တန်းကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ခု၊ ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုကို GDP ဖြင့် တိုင်းတာခြင်းဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီး၏ GDP တိုးတက်လာစေရေး စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ တိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း။

## ဒေသတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရေး

တနင်္သာရီတိုင်းဒေသကြီးအတွင်း စီးပွားရေးလုပ်ငန်းများနှင့် ခရီးသွားလာမှုများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်အတူ ခရီးသည်နှင့်လေယာဉ် ဆိုက်ရောက်ပျံသန်းဝင်ထွက်မှုများ ပိုမိုများပြားလာနိုင်မည်ဖြစ်သဖြင့် ထားဝယ်လေဆိပ်နှင့် လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်မှုအား ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုများပြားလာစေနိုင်မည်ဖြစ်ကြောင်း၊ ရေး-ထားဝယ် ရထားလမ်းသစ်ဖောက်လုပ်ရာတွင်လည်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်၌ နှစ်လမ်းသွားဖြင့် ဖောက်လုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖောက်လုပ်ပြီးစီးပါက ခရီးသွားလာမှုများနှင့် ကုန်စည်ကူးသန်းသွားလာမှုများ ပိုမိုတိုးတက် များပြားလာစေနိုင်မည်ဖြစ်ကြောင်း။

ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် သဘာဝမှပေးထားသည့် သာယာလှပသည့် ကမ်းခြေများ၊ ကျွန်းစုများ၊ ခရီးသွားအရင်းအမြစ်များ၊ လည်ပတ်ရန် ခရီးစဉ်နေရာများအပြင် ဒေသသာယာလှပရေး၊ စည်းကမ်းစနစ်တကျနှင့် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက်လည်း ဒေသနေပြည်သူများအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်းစီအလိုက်၊ မိသားစု တစ်စုချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ၊ မြို့များအလိုက် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာကြမည်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာကြမည်၊ ထုတ်ပြန်ထားသည့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာကြမည်ဆိုပါက မိမိတို့ဒေသနှင့် မြို့သာယာလှပမှုသည်လည်း ကောင်းမွန်နေမည်ဖြစ်ကြောင်း။

ထို့အပြင် ရှေးယခင်ကတည်းက တည်ရှိခဲ့သည့် ထားဝယ်အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတူရိယာပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းရန်လိုသကဲ့သို့ ပြန်လည်ထုတ်ဖော်ပြသသွားရန်လည်းလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ယဉ်ကျေးမှု၊ မိမိတို့ဒေသ၏ ယဉ်ကျေးမှုကို နိုင်ငံတွင်းနေထိုင်ကြသူများ၊ ဒေသတွင်းနေထိုင်ကြသူများကိုယ်တိုင် မြတ်မြတ်နိုးနိုးတန်ဖိုးထား ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရေး မြို့မိမြို့ဖများ၊ သက်ဆိုင်ရာတာဝန်ရှိသူများက ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့၏အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုနိုးကြားလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် “အားလုံးက မြန်မာ” ဟူသည့် စိတ်ဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်သည့် အလားအလာကောင်းများ၊ အခွင့်အလမ်းကောင်းများ၊ အရင်းအမြစ်များ ပေါကြွယ်ဝစွာရှိပြီးဖြစ်သဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပေးခြင်း၊ အမှန်တကယ် အလုပ်လုပ်ကိုင်ကြခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ခေတ်နှင့်အညီ ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေသည့် နည်းပညာများကို အသုံးချ၍ ဒေသတွင်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတစ်ခုချင်းစီအလိုက် ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်သဖြင့် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် ခင်းကျင်းပြသထားသည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုခဲ့ပြီး ပြခန်းအလိုက် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် ယနေ့နံနက်ပိုင်းတွင်လည်း ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များနှင့်အတူ ထားဝယ်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား တစ်ဦးချင်းလိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ ချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆေးရုံအတွက် လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ပြီး ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

* *ရှေ့ဖုံးမှ*

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်အောင်လတ်တို့က အမှာစကားများပြောကြားကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ခင်မာလာက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းကော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးသန့်၊ မြို့နယ်ဥပဒေအရာရှိ ဦးတေဇာထက်အောင်၊ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာ ကျော်ပြည့်ဖြိုးအောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်တင်မာဆွေတို့က မူးယစ်ကင်းစင်သော လူမှုအသိုက်အဝန်းဆီသို့ခေါင်းစဉ်ဖြင့် ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ သီချင်းဖြင့် တေးသရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကားပြောကြားရာတွင် ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့၏ ဆောင်ပုဒ်မှာ “Resilience Starts at Home – ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှ စတင်စို့”ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်တုံ့ပြန်နိုင်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့တွင် ဘေးဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံ၊ မိသားစုနှင့် လူမှုအသိုက်အဝန်းများကို ဦးစွာတည်ဆောက်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ကြောင်း။

**အလေးထားဆောင်ရွက်လျက်ရှိ**

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် နိုင်ငံဖြစ်သဖြင့် ဆန်ဒိုင်းမူဘောင် (၂၀၁၅–၂၀၃၀)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) တို့နှင့်အညီ ဘေးအန္တရာယ်မဖြစ်မီ ကြိုတင်ကာကွယ်ရေးနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် မန္တလေးငလျင်အပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း “ပိုမိုကောင်းမွန်စွာ ပြန်လည်တည်ဆောက်ခြင်း (Build Back Better)” ကို အလေးထားပြီး ငလျင်ဒဏ်ခံနိုင်ရည်ရှိသည့် အဆောက်အအုံများ တည်ဆောက်နိုင်ရန် Myanmar National Building Code 2025 ကို ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိကြောင်း။

သဘာဝဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေးကို ဆောင်ရွက်ရာတွင် စွမ်းဆောင်ရည်ပြည့်ဝခြင်းနှင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းသည် အရေးပါသည့်အချက်ဖြစ်ကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို တစ်အိမ်ချင်းစီက အစပြု၍ နိုင်ငံတော်အဆင့်ထိ အဆင့်ဆင့်ကြိုးပမ်းတည်ဆောက်သွားရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူဆောင်ရွက်ကြရန် တိုက်တွန်းကြောင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတက အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသူများ၊ သဘာဝဘေး အသိပညာပေး Animation ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက သဘာဝဘေး အသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ၊ သဘာဝဘေးအသိပညာပေး လက်ကမ်းစာစောင်ဒီဇိုင်းပြိုင်ပွဲ (မြန်မာ့ရိုးရာပန်းချီ)၊ အခြေခံအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကုလသမဂ္ဂသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးရုံးမှ ပေးပို့သည့် သတင်းစကားရုပ်သံဗီဒီယိုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

**ကြည့်ရှုအားပေး**

ဆက်လက်၍ ဒုတိယသမ္မတသည် တက်ရောက်လာသူများနှင့်အတူ ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် အသိပညာပေးပြခန်းတင်ဆက်မှုကို ကြည့်ရှုအားပေးပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ–တရုတ် တရားစီရင်ရေးဖိုရမ်” သို့ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ်၏ ဖိတ်ကြားချက်အရ ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့တွင် ၂၀၂၆ ခုနှစ်အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ – တရုတ် တရားစီရင်ရေးဖိုရမ်” သို့ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




အဆိုပါဖိုရမ်သည် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့တရားလွှတ်တော်ချုပ်တို့အကြား တရားစီရင်ရေးလုပ်ငန်းများကို တိုက်ရိုက်ဆွေးနွေးနိုင်မည့် အဆင့်မြင့်ယန္တရားတစ်ခုဖြစ်ပြီး ယင်းဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် ပထမအကြိမ်၊ ၂၀၁၇ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၂၂ ခုနှစ်တွင် တတိယအကြိမ်အဖြစ် ကျင်းပခဲ့သည်။ မြန်မာနိုင်ငံ၏ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များတွင် အာဆီယံ – တရုတ်နိုင်ငံတို့နှင့် တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုများလည်း ပါဝင်လျက်ရှိရာ ဤဖိုရမ်သို့ တက်ရောက်ခြင်းဖြင့် ဒေသတွင်းရှိ တရားသူကြီးချုပ်များ၊ တရားစီရင်ရေးအကြီးအကဲများနှင့် အမြင်ချင်းဖလှယ်ပြီး မိမိတို့နှင့်သက်ဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးနိုင်ခဲ့သည်။

(၄) ကြိမ်မြောက် အာဆီယံ – တရုတ် တရားစီရင်ရေးဖိုရမ်ကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံ ၁၂ နိုင်ငံမှ တရားစီရင်ရေးအကြီးအကဲများ၊ တရားသူကြီးများ၊ တရားစီရင်ရေးဆိုင်ရာအဆင့်မြင့်အရာရှိများ စုစုပေါင်း ၉၀ တက်ရောက်ခဲ့ကြသည်။ အဆိုပါဖိုရမ်တွင် ဒီဂျစ်တယ်ခေတ်၌ ရာဇဝတ်မှုများ၊ နယ်စပ်ဖြတ်ကျော် တရားမမှုနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများ၊ တရားရုံးလုပ်ငန်းစဉ်များကို ဒီဂျစ်တယ်စနစ်ဖြင့်ဆောင်ရွက်နိုင်ရန် နည်းလမ်းများနှင့် အနာဂတ်တရားစီရင်ရေးကဏ္ဍတို့၌ AI အသုံးပြုနည်းဆိုင်ရာ အတွေ့အကြုံများကို စာတမ်းများ ဖတ်ကြားဆွေးနွေးကြပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇာလီစံက “Strengthening Judicial Cooperation Against Cybercrime & Cross–Border Civil and Commercial Disputes in the Digital Era: Myanmar’s Perspective” ခေါင်းစဉ်ဖြင့် စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည်။

အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေးသည် ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား တရားစီရင်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေရန်အတွက် နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲ (Bilateral Meeting) ကို ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် မကြာသေးမီက မြန်မာနိုင်ငံသမ္မတ၏ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အပြီး နှစ်နိုင်ငံအကြား ပိုမိုတိုးတက်လာမည့် မဟာဗျူဟာမြောက် မိတ်ဖက်ပူးပေါင်း ဆောင်ရွက်မှုများနှင့်အတူ တရားစီရင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း အဆင့်မြှင့်တင်ရန် အလေးထားဆွေးနွေးခဲ့သည်။

တရားသူကြီးချုပ်တို့သည် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် စီးပွားရေးလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာသည်နှင့်အမျှ ရင်းနှီးမြှုပ်နှံသူများအတွက် ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေး၊ နှစ်နိုင်ငံအကြား တရားခံလွှဲပြောင်းခြင်းဆိုင်ရာကိစ္စရပ်တွင် ပူးပေါင်းဆောင်ရွက်ရေး၊ တရားမမှုများနှင့် ရာဇဝတ်မှုများတွင် တရားစီရင်ရေးဆိုင်ရာ အပြန်အလှန်အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ ထို့အပြင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နှစ်နိုင်ငံ တရားသူကြီးများနှင့် တရားရေးအရာရှိများအကြား လေ့လာရေးခရီးစဉ်များ (Study Visits)၊ တရားခွင်လေ့လာရေးအစီအစဉ်များ (Court Attachment Programmes) နှင့် တရားစီရင်ရေးဆိုင်ရာသင်တန်းများ (Judicial Training Programmes)မှ တစ်ဆင့် အပြန်အလှန်အတွေ့အကြုံများ ဖလှယ်နိုင်မည့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ယခုကဲ့သို့တွေ့ဆုံမှုသည် မြန်မာ–ဗီယက်နမ် နှစ်နိုင်ငံအကြား တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးကဏ္ဍ ပိုမိုခိုင်မာလာစေရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်ဖြစ်လာမည်ဖြစ်သည်။

အောက်တိုဘာ ၁၀ ရက် ညပိုင်းတွင် ဒါနန်းမြို့ရှိ Ariyana Convention Centre ၌ ကျင်းပခဲ့သည့် “(၄) ကြိမ်မြောက် အာဆီယံ–တရုတ် တရားစီရင်ရေးဖိုရမ်” သို့ တက်ရောက်လာသည့် နိုင်ငံအသီးသီးမှ ဧည့်သည်တော်များအား ဗီယက်နမ်နိုင်ငံ တရားသူကြီးချုပ် H.E. Mr. Nguyen Van Quang က တည်ခင်းသည့် ကြိုဆိုဧည့်ခံပွဲသို့လည်းကောင်း၊ အောက်တိုဘာ ၁၁ ရက် ညပိုင်းတွင် ဒါနန်းမြို့ Furama ဟိုတယ်၌ ဒါနန်းပါတီကော်မတီအတွင်းရေးမှူး၊ ပါတီဗဟိုကော်မတီအဖွဲ့ဝင် H.E Le Ngoc Quang က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့လည်းကောင်း ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုတရားသူကြီးချုပ်သည် ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ သမိုင်းဝင်နေရာတစ်ခုဖြစ်သည့် Ba Na Hills သို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါဖိုရမ်သို့ ပြည်ထောင်စုတရားသူကြီးချုပ်နှင့်အတူ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

▼ *ရှေ့ဖုံးမှ*

ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာ ကြည့်ရှုကြသည်။

ယနေ့ နံနက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ကျောက်ခင်းကွင်းနယ်မြေအလိုက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားရှိမှု၊ ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများအတွက် ဈေးနှုန်းပေးသွင်းလွှာများအား တင်ဒါပုံးများအတွင်း ထည့်သွင်းနေမှုနှင့် တင်ဒါအောင်မြင်သည့် ကျောက်စိမ်းအတွဲများ ထုတ်ပြန်ကြေညာနေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယနေ့ပြပွဲတွင် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်းအတွဲများအနက် ကျောက်စိမ်းအတွဲ အမှတ် (၁) မှ (၅၅၀) အထိ အတွဲပေါင်း ၅၅၀ ကို ပြည်တွင်း ပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၄၇၄ တွဲ ရောင်းချနိုင်ခဲ့ကြောင်း ကြေညာသည်။

ပြပွဲသတ္တမနေ့တွင် ရောင်းချမည့် အုပ်စု(အေ)နှင့်(ဘီ)မှ ကျောက်စိမ်း အတွဲအမှတ် (၅၅၁) မှ (၁၁၀၀) အထိကို ပြည်တွင်း ပြည်ပရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။ ထိုသို့ တင်သွင်းထားသည့် ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ညနေ ၅ နာရီတွင် ပိတ်သိမ်းပြီး တင်ဒါပုံးများကို ဖွင့်ဖောက်စစ်ဆေးကာ အောက်တိုဘာ ၁၄ ရက်တွင် ရောင်းချရသည့် ကျောက်စိမ်းအတွဲများအား ကြေညာသွားမည်ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို အောင်မြင်အောင်ကျင်းပ၍ နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အကျိုးစီးပွားဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ အဖိုးတန်ကျောက်မျက်သယံဇာတများကို ရေရှည်တည်တံ့စေရန်နှင့် မြန်မာ့မြေအလှတရားကို ထာဝရရှင်သန်စေရန်အတွက် သယံဇာတစီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးပိုလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ပေမှ ၁ခုနစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကိုလျှော့ချပေးနိုင်ရန် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် အဆင့်မြင့်အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ရန် အဆိုကို ဆွေးနွေး



**နေပြည်တော်  အောက်တိုဘာ ၁၃**

တတိယအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ **(ယာပုံ)**

အစည်းအဝေးတွင် ဆရာဝန်များခန့်ထားပေးရေးနှင့် ဆေးဝါးများပံ့ပိုးပေးရေး၊ ဆေးရုံပြန်လည်ဖွင့်လှစ်ပေးရေး၊ ကျန်းမာရေးဝန်ထမ်းများခန့်ထားပေးရေး၊ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရေးနှင့် ဆေးရုံပြုပြင်ပေးရေးတို့နှင့်စပ်လျဉ်း၍ **မေးခွန်း ၅ ခု** မေးမြန်းဖြေကြားခြင်းနှင့် **အဆို ၁ ခု** ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ကလေးဝ မဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့၊ (၂၅)ခုတင်ဆံ့ ဆေးရုံနှင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံတို့တွင် ဆရာဝန်များ ခန့်ထားပေးရန်နှင့် ဆေးဝါးများပံ့ပိုးပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ကလေးဝမြို့နယ်ပြည်သူ့ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့်အတူ သူနာပြု ငါးဦး၊ အကူသူနာပြု နှစ်ဦးနှင့် အခြားဝန်ထမ်း ၁၀ ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး သွားဆရာဝန်ခန့်ထားနိုင်ရေး စိစစ်ဆောင်ရွက်နေပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ လမ်းညွှန်/ပံ့ပိုးမှုဖြင့် ကလေးဝမြို့နယ်သို့ဆေးအမယ်ပေါင်း ၁၇၄ မျိုး ဖြန့်ဖြူးပို့ဆောင်ပေးထားပြီး လိုအပ်သောဆေးဝါးများကိုလည်း ပုံမှန်ဆက်လက်ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကလေးဝမြို့နယ်၊ (၁၆) ခုတင်ဆံ့ မစိန်တိုက်နယ်ဆေးရုံသို့ စစ်ကိုင်းမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက် ဆရာဝန် တစ်ဦးအား ယာယီတာဝန်ချထားပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မတ္တရာမဲဆန္ဒနယ်မှ ဦးလှမြင့်၏ **မတ္တရာမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံ ငါးရုံအား ပြန်လည်ဖွင့်လှစ်ပေးနိုင်မည့် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက မတ္တရာမြို့နယ်အတွင်း အကြမ်းဖက်မှုကြောင့် ၂၀၁၂ ခုနှစ် မေလမှစတင်ကာ ၅ နှစ်ကျော် ပိတ်ထားခဲ့ရသော တိုက်နယ်ဆေးရုံ ငါးရုံ ရှိပါကြောင်း၊ မတ္တရာမြို့နယ်ပြည်သူ့ဆေးရုံမှ လက်ထောက်ဆရာဝန် ငါးဦးကို အဆိုပါ တိုက်နယ်ဆေးရုံများသို့ အလှည့်ကျတာဝန်ချထားပြီး နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၏ လိုက်ပါကူညီစောင့်ရှောက်မှုဖြင့် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးရုံများ၏ ပျက်စီးဆုံးရှုံးမှုများကို နယ်မြေအခြေအနေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ရန်ပုံငွေခွင့်ပြုပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများ ညှိနှိုင်းမှုဖြင့် ဆောလျင်စွာပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

အောင်လံ မဲဆန္ဒနယ်မှ ဦးတင်အောင်ချစ်၏ **အောင်လံမြို့နယ်ရှိ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဝန်ထမ်းများအမြန်ဆုံးခန့်ထားပေးရန်နှင့် ခွဲစိတ်ခန်း ပြင်ဆင်ရေး ရန်ပုံငွေခွင့်ပြုပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက အောင်လံခရိုင် အောင်လံမြို့နယ် ခုတင် (၁၀၀) ဆံ့ ပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် သားဖွားမီးယပ် အထူးကုဆရာဝန် တစ်ဦးနှင့် လက်ထောက်ဆရာဝန် နှစ်ဦးတို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ လတ်တလောတွင် ပျမ်းမျှ အတွင်းလူနာ ၅၃ ဦးနှင့် ပြင်ပလူနာ ၄၅ ဦးတို့အား ဆေးကုသပေးလျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ ဦးစားပေးအစီအစဉ် သတ်မှတ်ချက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များအပေါ်မူတည်၍ လိုအပ်သောဆရာဝန်များကိုစိစစ်ကာ ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း၊ ခွဲစိတ်ခန်း၏ လိုအပ်ချက်များကို ဆေးရုံကြီးကြပ်ကော်မတီ အစီအစဉ်ဖြင့် ပြင်ဆင်ပြီးစီးပြီဖြစ်၍ ခွဲစိတ်ခန်း ပြောင်းရွှေ့ဆောင်ရွက်လျက်ရှိပြီး လိုအပ်သည်များကို ဆက်လက်စိစစ်ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလော မဲဆန္ဒနယ်မှ ဒေါက်တာနန္ဒာလှမြင့်၏ **ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံ၌ ခွဲစိတ်ခန်း ဆောက်လုပ်ပေးရန်နှင့် Type(c) Laboratory Set တစ်စုံထောက်ပံ့ပေးရန် အစီအစဉ်ရှိမရှိ မေးခွန်း** နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်း က ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့ တိုက်နယ်ဆေးရုံအတွက် စံချိန်စံနှုန်းနှင့်အညီ ခွဲစိတ်ခန်းဆောင်အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေတွင် ကနဦးလျာထားဆောင်ရွက်ပေးထားပါကြောင်း၊ ကလောခရိုင် ပြည်သူ့ဆေးရုံကြီး၏ တင်ပြတောင်းခံလာမှုအရ ဟဲဟိုးတိုက်နယ်ဆေးရုံအတွက် Type C Laboratory Set တစ်စုံကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ထောက်ပံ့ပေးပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဒဂုံမြို့သစ်(ဆိပ်ကမ်း) မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် ပြည်သူ့ဆေးရုံကြီးကို အထွေထွေပြည်သူ့ဆေးရုံကြီးအသွင်ပြုပြင်ရန် မည်သို့ဖြည့်ဆည်းပေးထားကြောင်း သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွန်းက ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်သည် လူဦးရေ ၂၅၄၃၆၄ ဦးရှိပြီး (၂၅) ခုတင်ဆံ့ မြို့နယ်ဆေးရုံတွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်း ၂၆ ဦးက တစ်နေ့လျှင် ပျမ်းမျှ အတွင်းလူနာ ၁၁ ဦး၊ ပြင်ပလူနာ ၇၁ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပြီး လိုအပ်ပါက နီးစပ်ရာ မြောက်ဥက္ကလာပနှင့် သဃ်ၤန်းကျွန်းပြည်သူ့ဆေးရုံကြီးများသို့ လွှဲပြောင်းပေးနိုင်သည့်အပြင် မြို့နယ်အတွင်း အမျိုးသားကင်ဆာရောဂါ ကုသရေးဗဟိုဌာနရှိနေသောကြောင့် လက်ရှိတွင် ပြည်သူ့ဆေးရုံကြီးအဆင့်သို့ အဆင့်မြှင့်တင်ရန် မလိုအပ်သေးပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်တွင် စံကိုက်ဒေသန္တရကျန်းမာရေးဌာနခွဲ နှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခုတို့ဖြင့် မြို့နယ်လူဦးရေအတွက် ဧရိယာနှင့် လူဦးရေလွှမ်းခြုံမှုအရ စနစ်တကျ ပြုစုကုသပေးလျက်ရှိပါကြောင်း၊ ဆေးဝါးထောက်ပံ့ရေးမူဝါဒ၊ သာမန်ဘတ်ဂျက်နှင့် ဆေးပဒေသာပင်ရန်ပုံငွေများဖြင့် လုံလောက်စွာ ထောက်ပံ့ပေးနေသည့်အပြင် အရေးပေါ် သီးသန့်ဆေးဝါးများလည်း သိုလှောင်ထားရှိပါကြောင်း။

ကုသရေးဝန်ထမ်းများအတွက် လေးခန်းတွဲ လေးထပ်အိမ်ရာ တစ်လုံးနှင့် နှစ်ခန်းတွဲ နှစ်ထပ်အိမ်ရာတစ်လုံး ရှိပြီးဖြစ်ပါကြောင်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအောက်ရှိ ဝန်ထမ်း ၂၂ ဦးအတွက် ခြောက်ခန်းတွဲ လေးထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးကို ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး တင်သွင်းသည့် **"နိုင်ငံသူနိုင်ငံသား မိဘပြည်သူလူထုတစ်ရပ်လုံး၏ ကျန်းမာရေးဆိုင်ရာဝန်ပိနေမှုများကို လျှော့ချပေးနိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန်နှင့် ရောဂါကြီးများအား နိုင်ငံတကာအဆင့်မီ ကုသမှုခံယူနိုင်ရန်အတွက် ဒေသဇုန်ကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ဖွင့်လှစ်ပေးနိုင်ပါရန် တိုက်တွန်းသည့်အဆို"** ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှ**က ဒေသဇုန်ကြီးများ ဇုန်အလိုက်ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်ကို ကျဉ်းမြောင်းစေနိုင်ပြီး၊ ဒေသတွင်း၌ပင် ယုံကြည်စိတ်ချစွာ ကုသမှုခံယူနိုင်မည် ဖြစ်ပါကြောင်း၊ အဆို ထိရောက်အောင်မြင်ပြီး ရေရှည်တည်တံ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အကြံပြုလိုသည်မှာ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ကျန်းမာရေးအသုံးစရိတ်အပြင် သီးသန့်ရန်ပုံငွေတစ်ရပ်ကို ထူထောင်ပေးခြင်း၊ ပုဂ္ဂလိကကဏ္ဍ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လိုအပ်သလိုချိတ်ဆက်၍ (PPP) စနစ်ဖြင့် ပူးပေါင်းဖော်ဆောင်ခြင်း၊ လူ့စွမ်းအားအရင်းအမြစ်များဖြစ်သော အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများနှင့် ဆေးဘက်ကျွမ်းကျင်ပညာရှင်များကို ဒေသဇုန်ကြီးများအလိုက် မျှတအချိုးကျစွာ ခွဲဝေတာဝန်ချထားပေးနိုင်မည့် **လူ့စွမ်းအားအရင်းအမြစ်မူဝါဒ**တစ်ရပ်ကို စနစ်တကျရေးဆွဲချမှတ်ပြီး တစ်ဆင့်ချင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အကြံပြုအပ်ပါကြောင်း၊ အဆိုသည် ပြည်သူများအတွက် မျှော်လင့်ချက် အရုဏ်ဦးကို ဆောင်ကြဉ်းပေးနိုင်မည့် ကျန်းမာရေးမဟာဗျူဟာမြောက်အဆိုတစ်ရပ်ဖြစ်သည့်အတွက် အစိုးရအနေဖြင့် ရေရှည်စီမံကိန်းချ၍အကောင်အထည်ဖော်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**မိုးညို မဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်**က အဆိုရှင်၏ ပြင်ပလူနာဌာနကြီးများ ထူထောင်ဖွင့်လှစ်ပေးရမည်ဆိုသည့် အချက်အပေါ် အပြည့်အဝထောက်ခံပါကြောင်း၊ ပြည်သူများက အနည်းဆုံး ဆရာဝန်စမ်းသပ်ခ၊ ဓာတ်ခွဲစမ်းသပ်ခနှင့် ဝန်ဆောင်စရိတ်များ ကျခံစရာမလိုဘဲ ဆေးဖိုးလောက်သာကျခံရမည်ဆိုလျှင် ကုန်ကျစရိတ်တစ်ဝက်လျော့သွားမည်ဖြစ်ပါကြောင်း၊ ယင်းမှာ ပြည်သူများအတွက် လက်တွေ့ထိရောက်သည့် အကျိုးခံစားခွင့်ပင်ဖြစ်ပါကြောင်း၊ ဒေသဇုန်များခွဲပြီး အချိန်မီ ကုသမှုခံယူနိုင်ရန်၊ စရိတ်စကလျော့ကျကုသမှုခံယူနိုင်ရန် ဆောင်ရွက်ပေးရမည်ဆိုသည်မှာ ကောင်းမွန်သည့်ကိစ္စ ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်သူလူထုတစ်ရပ်လုံးအတွက်လည်း လက်တွေ့အကျိုးခံစားရမည့်ကိစ္စဖြစ်သည့်အတွက် ထောက်ခံပါကြောင်းဆွေးနွေးသည်။

**လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာမျိုးထွန်း**က ပြည်သူ့ဆေးရုံများ၏ အဆင့်အလိုက် လူနာလွှဲပြောင်းကုသခြင်းနှင့် ပြန်လည်လွှဲပြောင်း ကုသခြင်း အစီအစဉ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက အထူးကုဆေးရုံကြီးများတွင် လူနာများစုပြုံစွာ စောင့်ဆိုင်းရန်မလိုဘဲ သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများတွင် ကုသမှုပေးပြီး ပိုမိုထိရောက်နိုင်သဖြင့် အထူးကုဆေးရုံကြီးများတွင် ကုသရမည့် ရောဂါအဆင့်၊ ပြည်သူ့ဆေးရုံများတွင်ကုသရမည့် ရောဂါအဆင့် ခွဲခြားသတ်မှတ်လိုက်မည်ဆိုပါက လူနာများစောင့်ဆိုင်းရမည့်အချိန် လျော့နည်းသွားနိုင်သည်ကို အကြံပြုအပ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ချောမွေ့လုံခြုံကောင်းမွန်မှုသည် ကျန်းမာရေးစောင့်ရှောက်မှုပိုမိုကောင်းမွန်လာစေနိုင်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေ၍ လမ်းပန်းဆက်သွယ်ရေးကဏ္ဍကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးစေလိုကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း၊ လက်ရှိကျင့်သုံးနေသော နိုင်ငံတော်အစိုးရမှ အလုံးစုံ ကျခံပေးသော ကျန်းမာရေးစောင့်ရှောက်မှုစနစ်အစား ပိုမိုကောင်းမွန်သည့် ကျန်းမာရေးအာမခံစနစ် (သို့မဟုတ်) ခိုင်မာသော ပြည်သူလူထုပါဝင်သော ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရန် အကြံပြုအပ်ပါကြောင်း ဆွေးနွေးသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က ဒေသကြီးများအလိုက် အဆင့်မြင့် အထူးကုဆေးရုံကြီးများ ထူထောင်ပေးရေးကို တင်ပြလိုပါကြောင်း၊ ဇုန်အလိုက် အဆင့်မြင့်ဆေးရုံကြီးများ တည်ဆောက်ပေးမည့်နေရာကို ရေတိုရေရှည်စီမံကိန်းချမှတ်ပြီး လူဦးရေထူထပ်မှု၊ ရောဂါဖြစ်တည်မှု၊ အမျိုးအစားအလိုက်နှင့် လမ်းပန်းဆက်သွယ်မှုအခြေအနေ၊ နိုင်ငံတော်၏ ဘတ်ဂျက်အခြေအနေ၊ ပညာရှင်များကို မွေးထုတ်ရမည့်အချိန်ကာလကို ထည့်သွင်းတွက်ချက်၍ မဖြစ်မနေလုပ်ဆောင်သင့်ပါကြောင်း၊ ရေတိုစီမံကိန်းဆိုသည်မှာ လက်ရှိဆေးရုံဆေးပေးခန်းများကို ဆရာဝန်ဆရာမများ၊ ဆေးဝါးများ၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းကိရိယာများ၊ လစာများကို လုံလောက်စွာ ဖြည့်တင်းပေးခြင်းကို ဆိုလိုပါကြောင်း။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဝန်ဆောင်မှုများကို တိုးချဲ့ တည်ဆောက်ပေးရာတွင် ပြည်သူတို့၏ အမှန်တကယ်လိုအပ်ချက်နှင့် အစိုးရ၏ ဘဏ္ဍာရေးစွမ်းရည်မျှတစွာ စဉ်းစားပေးရန်ဖြစ်ပါကြောင်း၊ ပြည်သူများလိုလားသော အဆင့်မြင့်ဆေးရုံထူထောင်ပေးမှုကို ရေရှည်စီမံကိန်း လမ်းပြမြေပုံ ရေးဆွဲဆောင်ရွက်သင့်ပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ပါက ပြည်သူ၊ အစိုးရ၊ နိုင်ငံတော် သုံးဦးသုံးဖလှယ် အကျိုးရှိသည့်အတွက် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဟံသာဝင်း၊ တနင်္သာရီမဲဆန္ဒနယ်မှ ဦးအောင်ဆန်းလွင်၊ ပူတာအို မဲဆန္ဒနယ်မှ ဦးရားနီ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၊ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးခင်မောင်ထွန်း၊ ဒဂုံမြို့သစ်( အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်အေးအေးမြင့်နှင့် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင်တို့က အကြံပြုထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်းအစီအစဉ်ကို ပြည်သူ့လွှတ်တော်အစည်းအဝေး ၁၆ ရက် မြောက်

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

နေ့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်များဖြင့် အတည်ပြုပေးပို့ထားသော **“ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် **“နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများ”**ကို အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာသည့်အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို အောက်တိုဘာ ၁၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

# အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

အာဆီယံရေးရာကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဖလခန်းမ၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အဖွဲ့ဝင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ထိတွေ့ဆက်ဆံနေသည့်လမ်းကြောင်းအပြင် အာဆီယံနှင့် ဆက်သွယ်ဆောင်ရွက်မည့် ကော်မတီတစ်ရပ်ကို ဖွဲ့စည်း၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားရန်ဖြစ်ကြောင်း၊ အာဆီယံအနေဖြင့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် မြန်မာနိုင်ငံအပေါ် ခွဲခြားဆက်ဆံမှုများရှိခဲ့သော်လည်း မြန်မာနိုင်ငံသည် တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅) ရပ်ကို ယခင်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်မှုမရှိစေဘဲ အဖြစ်နိုင်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အာဆီယံနှင့်ဆက်ဆံရာတွင် တစ်နိုင်ငံချင်းအလိုက် ဦးစားပေးအဆင့်လိုက် ထိတွေ့ဆက်ဆံလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အာဆီယံထုတ်ပြန်ချက်(၅)ရပ်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ချက်ချင်းစီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကိုယ်စားလှယ်များက မြန်မာနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား လက်ရှိနှစ်နိုင်ငံဆက်ဆံရေးကိုအခြေခံကာ အာဆီယံအတွင်း မြန်မာနိုင်ငံ၏ မူလအခန်းကဏ္ဍနှင့် အခွင့်အရေးကို ပြန်လည်ထိန်းသိမ်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက ဦးဆောင်သော မြန်မာ့ကိုယ်ပိုင်နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၁၃**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ်(၁)၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံအစိုးရက ပေးအပ်လျက်ရှိသည့် အကူအညီစီမံကိန်းများ အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



# လေးမျက်နှာမြို့နယ် ဝေနတာအိကျသည့်နေရာ တစ်ဖက်ကမ်းရှိ သောင်ခုံရှင်းလင်းဖယ်ရှားခြင်းနှင့် သောင်တူးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**ပုသိမ် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ဝေနတာအိကျသည့်နေရာတွင် နောက်နှစ်များ၌ အလားတူ တာအိကျခြင်းနှင့် ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများကမြစ်ကြောင်းများကောင်းမွန်ရေး သောင်တူးခြင်းလုပ်ငန်းများ၊ ကမ်းထိန်းလုပ်ငန်းများနှင့် ဝေနတာ တာမိုင် ၂၅/၃ အား အခိုင်အမာ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလုပ်ငန်းများဆောင်ရွက်နေမှုကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ ဝေနတာအိကျသည့်နေရာ တစ်ဖက်ကမ်းရှိ သောင်ခုံအား ရှင်းလင်းဖယ်ရှားခြင်း သောင်တူးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူများနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများက သောင်တူး၍သဲဖို့ခြင်းလုပ်ငန်းကို သောင်တူးယာဉ်များဖြင့် တူးဖော်နေမှုနှင့် တူးစာစွန့်ပစ်မည့်နေရာများ၊ ဘိုးပိုင်အခြေပြု ကျောက်ပြားကပ်တမံကမ်းထိန်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် တင်ပြဆောင်ရွက်ထားရှိမှုအခြေအနေ၊ လေးမျက်နှာမြို့နယ် ဝေနတာ တာမိုင် ၂၅/၃ အား အခိုင်အမာ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်ရန်အတွက် မြေပြင်တိုင်းတာခြင်းလုပ်ငန်း၊ ဘူမိဗေဒစူးစမ်းလေ့လာခြင်းလုပ်ငန်း တာအူကြောင်းရွေးချယ်ခြင်းလုပ်ငန်း စသည့်လုပ်ငန်းများ လုပ်ဆောင်သွားမည့်အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ လေးမျက်နှာမြို့ အမှတ်(၄)ရပ်ကွက်ရှိ အောင်မင်္ဂလာဈေးတွင် ဈေးသည်များ ပြန်လည်ရောင်းချနေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဈေးသူဈေးသားများနှင့် ဒေသခံပြည်သူများ အဆင်ပြေစွာ ဈေးရောင်းဝယ်နိုင်ရေး၊ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရှိသည့် ဈေးတစ်ခုဖြစ်စေရေး ဆောင်ရွက်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် လေးမျက်နှာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါး ရေကြီးနစ်မြုပ်ပျက်စီးသောကေများအနက် စပါးသီးနှံပြန်လည်စိုက်ပျိုးမည့် တောင်သူများ၊ ပဲစိုက်ပျိုးမည့်တောင်သူများထံသို့ မျိုးစပါး၊ မတ်ပဲမျိုး၊ ထွန်ယက်ဆီ၊ ဟင်းသီးဟင်းရွက်မျိုးစေ့၊ ဘက်စုံသုံး ရွက်ဖျန်းအားတိုးဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ခရမ်းမြို့နယ်၌ သီးထပ်စွမ်းအားမြှင့်တင်ရေး ၂၀၂၆ ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးပေး

**ရန်ကုန် အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်အတွင်းမှ တောင်သူများအတွက် ၂၀၂၆ ခုနှစ် သီးထပ်စွမ်းအားမြှင့်တင်ရေး ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို အောက်တိုဘာ ဒုတိယပတ်မှစ၍ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲတွင် ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ခရမ်းမြို့နယ်၌ ဆောင်းရာသီပဲတီစိမ်းစိုက်ပျိုးရန် စီမံကိန်းကေ ၁၀၄၆၈၇ ကေရှိရာ ခရမ်းမြို့နယ်ဘဏ်ခွဲအနေဖြင့် ၂၀၂၆ ခုနှစ် သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေကျပ်သန်း ၁၈၇၅၀ ဒသမ ၀၀ ကျပ်သန်းလျာထားခဲ့ပြီး အောက်တိုဘာ ဒုတိယအပတ်မှစတင်၍ ခရမ်းမြို့နယ် ကျုံးကျုံးကျကျေးရွာမှ တောင်သူ ၃၄ ဦးတို့၏ ၂၄၈ ကေအား ချေးငွေ ၆၂ ဒသမ ၀၀ သန်းကို ထုတ်ချေးပေးခဲ့ပြီး ကျန်ရပ်ကွက်/ကျေးရွာ များကိုလည်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရမ်းမြို့နယ်ဘဏ်ခွဲမန်နေဂျာထံမှ သိရသည်။

ခရမ်းမြို့နယ်၌ ကျေးရွာအုပ်စု ၅၃ အုပ်စုမှ တောင်သူ ၁၁၀၀၀ တို့အား သီးထပ်စွမ်းအားမြှင့်တင်ရေး စိုက်ပျိုးစရိတ်ချေးငွေများကို တစ်ကေလျှင် ငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့် နေ့စဉ် ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း (ခရမ်း)**

**သစ်ပင်စိုက်လျှင်**
**တို့ဝန်းကျင်**
**စိမ်းစိုလှပ**
**ကြည်နူးရ၏။**

(၁၁) နှစ်မြောက် NCA နှစ်ပတ်လည်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# NCA စာချုပ်မှသည် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ .....

**မျက်မှောက်ကာလမှာ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထုတစ်ရပ်လုံးရဲ့ အဖြစ်ချင်ဆုံး လိုအင်ဆန္ဒဟာ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားလာခဲ့တဲ့၊ နှစ်ပေါင်း ၇၀ ကျော် ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ထာဝရငြိမ်းချမ်းရေး ရရှိလိုခြင်းပဲ ဖြစ်ပါတယ်။**

မင်းခန့်

> ❑ **NCA စာချုပ်ဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အခြေခံအုတ်မြစ်ကောင်း တစ်ခုဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တံခါးဝဖြစ်လို့ NCA တံခါးမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ လျှောက်လှမ်းကြရမှာဖြစ်**
>
> ❑ **လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရဖြစ်သလို တပ်မတော်နဲ့တစ်သားတည်း ဖြစ်လို့ အစိုးရ၊ တပ်မတော်၊ ပြည်သူစည်းလုံးညီညွတ်စွာနဲ့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတွေ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး လိုလားနေတဲ့ "စစ်မှန် စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ် စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး" ဆိုတဲ့ နိုင်ငံရေး ရည်မှန်း ချက်ကို ညင်သာစွာ ကူးပြောင်းရရှိအောင် လုပ်ဆောင်နေချိန်ဖြစ်**

နိုင်ငံတော်ရဲ့ ပကတိလိုအပ်ချက်အရလည်း ထာဝရငြိမ်းချမ်းရေးရရှိမှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအရှိန်အဟုန်နဲ့ တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေးရရှိမှလည်း လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး လိုလားတောင့်တနေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး ရည်မှန်းချက်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း အစိုးရအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူလူထုတစ်ရပ်လုံးအတွက် ထာဝရငြိမ်းချမ်းရေးရရှိအောင် မဖြစ်မနေ၊ မဆုတ်မနစ် ကြိုးစားလုပ်ဆောင်နေခြင်း ဖြစ်ပါတယ်။ ထာဝရငြိမ်းချမ်းရေး ရရှိဖို့အတွက် အလိုအပ်ဆုံးနဲ့ မဖြစ်မနေစတင်လျှောက်လှမ်းရမဲ့ ခြေလှမ်းကတော့ **"တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)"** လက်မှတ်ရေးထိုးပြီး နိုင်ငံရေးရည်မှန်းချက်တွေကို အချိန်တိုတိုအတွင်း မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ရေးဖြစ်ပါတယ်။

**NCA စာချုပ်ဟာ ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခု ဖြစ်သလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တံခါးဝဖြစ်လို့ NCA တံခါးမှတစ်ဆင့် အမျိုးသားပြန်လည်သင့်မြတ်ရေး တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းကို သတ္တိရှိရှိ၊ ရဲရဲဝံ့ဝံ့ လျှောက်လှမ်းကြရမှာ ဖြစ်ပါတယ်။**

NCA စာချုပ်ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတို့ကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများကို အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအနေနဲ့ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး မိမိတို့ရဲ့ အတ္တ၊ မာန်မာနတွေကို လျှော့ချကာ နိုင်ငံတော်နဲ့ ပြည်သူလူထုရဲ့ ပကတိလိုအင်ဆန္ဒကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် အသိတရားရှိရှိနဲ့ ပူးပေါင်းဆောင်ရွက်ပေးကြဖို့ တိုက်တွန်းလိုပါတယ်။

NCA စာချုပ်ဟာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သက်သက် မဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို တည်ငြိမ်အေးချမ်းစွာနဲ့ အကောင်အထည်ဖော် တည်ဆောက်နိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ သဘောတူညီမှုနဲ့ ဆောင်ရွက်ခဲ့တဲ့ အရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်ပါတယ်။

NCA စာချုပ်ကို တစ်ဦးတစ်ယောက်၊ အဖွဲ့တစ်ဖွဲ့တည်းက ရေးဆွဲထားခြင်း မဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ လိုလားချက်နဲ့ အဆိုပြုချက်တွေကို မူတည်ပြီး နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်း သဘောတူ လက်မှတ်ရေးထိုးခဲ့ကြတဲ့ သမိုင်းဝင် စာချုပ်တစ်ခု ဖြစ်ပါတယ်။

NCA စာချုပ်ဖြစ်ပေါ်လာတဲ့ သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ကြည့်လိုက်ရင် ဒီစာချုပ်ရဲ့ အရေးပါမှု၊ ဂုဏ်သိက္ခာနဲ့ တန်ဖိုးကို ပိုမိုမြင်တွေ့ရမှာ ဖြစ်ပါတယ်။ ပထမ ဒီမိုကရေစီ အစိုးရလက်ထက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့မှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရရှိဖို့ ရည်ရွယ်ပြီး ငြိမ်းချမ်းရေးဖိတ်ခေါ်ရာကနေ စတင်ခဲ့တာ ဖြစ်ပါတယ်။ နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်စေရေး ထိရောက်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်ဖို့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီ၊ ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့များကို ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။

> **❝ လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားခဲ့တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခတွေဟာ မတူညီတဲ့ နိုင်ငံရေးရည်မှန်းချက်၊ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်၊ ကိုယ်ကျိုးစီးပွားနဲ့ နွယ်တဲ့ ပုဂ္ဂိုလ်ရေးအတ္တဆန်မှုတွေကြောင့် သက်ဆိုးရှည်နေရခြင်းဖြစ်ပါတယ်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တိုင်းရင်းသားအရေး အကြောင်းပြချက်နဲ့ လက်နက်ကိုင်ဆွဲပြီး နယ်မြေထိန်းချုပ်မှုများ ပြုလုပ်နိုင်ရေး၊ လိုအပ်တဲ့ ဘဏ္ဍာငွေကြေးရရှိဖို့အတွက် မူးယစ်ဆေးဝါးကုန်သွယ်မှုအပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင်သယံဇာတခိုးယူမှုများ၊ အွန်လိုင်းလောင်းကစားလိမ်လည်မှုများနဲ့ နယ်စပ်ဖြတ်ကျော်လက်နက်မှောင်ခို ကုန်သွယ်မှုများဟာ အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားနဲ့ လက်လှမ်းမမီတဲ့ တိုင်းရင်းသားနယ်မြေတွေမှာ ကြီးထွားအမြစ်တွယ်နေတာ ပကတိအရှိတရားဖြစ် ❞**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ဒီမိုကရေစီအစိုးရရဲ့ ဖိတ်ခေါ်ချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ သက်ဆိုင်ရာ ပြည်နယ်အဆင့်ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေကတစ်ဆင့် ပြည်ထောင်စုအဆင့် ဆွေးနွေးပွဲတွေကို ပြုလုပ်ခဲ့ကြပါတယ်။ ပြည်ထောင်စုအဆင့် တွေ့ဆုံဆွေးနွေးမှုများမှာ ပိုမိုထိရောက်အောင်မြင်စေရေးအတွက် ၂၀၁၄ ခုနှစ်အတွင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ပေါင်း ၁၆ ဖွဲ့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် ညှိနှိုင်းရေးအဖွဲ့(NCCT)၊ အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တွေ ဖွဲ့စည်းပြီး ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့ (UPWC) နဲ့ စတင်ဆွေးနွေးနိုင်ခဲ့ပါတယ်။

၂၀၁၅ ခုနှစ်အတွင်းမှာ NCA သဘောတူစာချုပ် (မူကြမ်း)ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၆ ဖွဲ့မှ ခေါင်းဆောင်တွေနဲ့ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ သမိုင်းဝင် NCA စာချုပ် လက်မှတ်ရေးထိုးပွဲကို ခမ်းနားထည်ဝါစွာ ပြုလုပ်နိုင်ခဲ့ပါတယ်။ လက်မှတ်ရေးထိုးပွဲမှာတော့ အစိုးရကိုယ်စား နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန် ဦးဆောင်တဲ့ တပ်မတော်ခေါင်းဆောင်များအပါအဝင် အစိုးရကိုယ်စားလှယ် ကိုးဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ရှစ်ဖွဲ့မှ တစ်ဖွဲ့လျှင် သုံးဦးစီနဲ့ ၂၄ ဦး၊ ပြည်တွင်း အသိသက်သေ ၂၁ ဦး၊ နိုင်ငံတကာအသိသက်သေတွေဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ဥရောပသမဂ္ဂနဲ့ ကုလသမဂ္ဂတို့မှ ကိုယ်စားလှယ်တွေ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ၂၀၁၈ ခုနှစ်မှာ တိုင်းရင်းသားလက်နက်ကိုင် နှစ်ဖွဲ့ ထပ်မံရေးထိုးထားတဲ့အတွက် စုစုပေါင်း အဖွဲ့ ၁၀ ဖွဲ့ လက်မှတ်ရေးထိုးထားတဲ့ စာချုပ်ဖြစ်ပါတယ်။

NCA စာချုပ်မှာ အခန်း ၇ ခန်းပါဝင်ပြီး အပိုဒ်ပေါင်း ၃၃ ပိုဒ်၊ အပိုဒ်ခွဲ ၈၆ ခုနဲ့ ပြဋ္ဌာန်းချက် စုစုပေါင်း ၁၀၄ ချက် ပါရှိပါတယ်။ NCA စာချုပ်ထဲမှာ အခြေခံမူတွေ၊ ဦးတည်ချက်နဲ့ ရည်ရွယ်ချက်တွေ၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာကိစ္စရပ်တွေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ခိုင်မာအောင် လုပ်ဆောင်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်တွေ၊ ရှေ့ဆက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေနဲ့ အထွေထွေအကြောင်းအရာတွေ ပါရှိပါတယ်။

အရေးကြီးဆုံးသော NCA ရဲ့ အခြေခံမူမှာ အာမခံချက်တွေ အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်သွားဖို့နဲ့ နိုင်ငံရေးပြဿနာကို စစ်ရေးနဲ့ ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းနဲ့ ဖြေရှင်းကာ နိုင်ငံရေး ယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး လက်နက်ကိုင်ပဋိပက္ခတွေ အဆုံးသတ်နိုင်ဖို့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကို ဦးစွာ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

ရည်ရွယ်ချက်ကောင်းမွန်ပြီး အနှစ်သာရပြည့်ဝတဲ့ NCA စာချုပ်ရဲ့ ထူးခြားချက်က NCA စာချုပ်ထဲမှာ ရေးသားထားတဲ့ အချက်အလက်တွေဟာ ၂၀၁၃ ခုနှစ် နိုဝင်ဘာလက ကချင်ပြည်နယ် လိုင်ဇာမှာ ပြုလုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ညီလာခံနဲ့ ၂၀၁၅ ခုနှစ် ဇွန်လက ပြုလုပ်ခဲ့တဲ့ ကရင်ပြည်နယ်၊ လော်ခီးလာညီလာခံမှတစ်ဆင့် ထွက်ပေါ်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ လိုလားချက်၊ ကနဦးအဆိုပြုချက်များ အပေါ် အစိုးရနဲ့တပ်မတော်က မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မရှိဖူးတဲ့ လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ငြိမ်းချမ်းရေးကို လိုလားတဲ့ စိတ်ဆန္ဒနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို ရင်းနှီးနွေးထွေးစွာနဲ့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် NCA စာချုပ်ဟာ အလွယ်တကူရရှိခဲ့ခြင်းမဟုတ်ဘဲ ပထမဒီမိုကရေစီ အစိုးရလက်ထက် ငြိမ်းချမ်းရေးဆွေးနွေးပွဲ စတင်ဖိတ်ခေါ်ခဲ့တဲ့ ရက်ကစပြီး NCA စာချုပ် လက်မှတ်ရေးထိုးချိန်အထိ ရက်ပေါင်း ၁၄၅၀ ရက် ကြာမြင့်ခဲ့ပြီး တွေ့ဆုံဆွေးနွေးမှု အကြိမ်ပေါင်း ၅၀၀၀ ကျော်အထိ ပြုလုပ်ခဲ့ကြပါတယ်။

NCA စာချုပ်ဟာ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရတို့ကြားမှာ အာမခံချက်ပေးထားတဲ့ ကတိကဝတ်နဲ့ သဘောတူညီချက်ဖြစ်တာနဲ့အညီ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားတဲ့ ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် ပျက်ပြယ်မှုမရှိတဲ့ သမိုင်းဝင်စာချုပ်ဖြစ်တာကြောင့် နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က ထာဝရငြိမ်းချမ်းရေးရရှိဖို့ NCA ပါ သဘောတူညီချက်တွေအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်လျက်ရှိနေပါတယ်။

လက်ရှိရွေးကောက်ခံအစိုးရဖြစ်တဲ့ တတိယဒီမိုကရေစီအစိုးရလက်ထက်မှာတော့ နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ (NSPCC)ဟာ ငြိမ်းချမ်းရေးတံခါးကို ထာဝရဖွင့်ထားကာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ထာဝရငြိမ်းချမ်းရေးရရှိဖို့ NCA လမ်းကြောင်းအတိုင်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေလုပ်ဆောင်ရမယ့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်ဖို့ ကြိုတင်ကန့်သတ်ချက်များ မထားတဲ့ ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေး ကြေညာချက် အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့မှာ ကမ်းလှမ်းဖိတ်ခေါ်ထားရှိပါတယ်။

*စာမျက်နှာ ၉ သို့*

## (၁၀၆) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၉) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကျင်းပ

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစုက ငွေကျပ်သိန်း ၁၀၀ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၃**

(၁၀၆) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့နှင့် (၄၉) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ယနေ့တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ကျောက်တံတားမြို့နယ်ရှိ ဝဇီရာဂုဏ်ပြုခံ ကဇာတ်ရုံ တို့၌ ကျင်းပသည်။

နံနက်ပိုင်းတွင် (၁၀၆) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့အခမ်းအနားကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းနှင့် တာဝန်ရှိသူများက (၁၀၆) နှစ်မြောက် မြန်မာ့ရုပ်ရှင်နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။



ထို့နောက် ရုပ်ရှင်အစည်းအရုံးဝင်းအတွင်း နိဗ္ဗာန်ဈေးပွဲတော်အဖြစ် ဖွင့်လှစ်ထားသည့်ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် (၄၉) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲကို ဝဇီရာဂုဏ်ပြုခံ ကဇာတ်ရုံ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှမိသားစုက လှူဒါန်းသည့် အလှူငွေကျပ်သိန်း ၁၀၀ ကို ဒုတိယဝန်ကြီးက ပေးအပ်ရာ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက လက်ခံရယူသည်။(ဓာတ်ပုံ)

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၅၀၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ(ဗဟို)နှင့် တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီတို့မှ ငွေကျပ် ၁၅ သိန်း၊ Hey Play App မိသားစုမှ ငွေကျပ်သိန်း ၄၅၀၊ Forever Group (MRTV-4) မှ ငွေကျပ် ၁၀၄ သိန်း၊ Sky Net မိသားစုမှ ငွေကျပ် ၆၅ သိန်း၊ မင်္ဂလာရုပ်ရှင်မိသားစုမှ ငွေကျပ် ၃၉ သိန်း၊ CB Bank မှ ငွေကျပ်သိန်း ၃၀၀၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ ငွေကျပ် ၃၉ သိန်း နှင့် သရုပ်ဆောင် မြတ်ရတနာကျော်မှ ငွေကျပ်သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက မုဒိတာစကားပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ရုပ်ရှင်သက်ကြီးပညာရှင်များအား ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြပြီး ရုပ်ရှင်သက်ကြီးပညာရှင် ဒေါ်မြင့်မြင့်ခင်က ဆုတောင်းမေတ္တာစကား ပြောကြားခဲ့သည်။ **သတင်းစဉ်**

# လက်တွဲရှေ့ဆက် ဆွေးနွေးဖက်

❒ ရေးပဝေ အဆက်ဆက်
ဤမြေထက် အတူနေ၊
ထွက်သီးနှံ အတူစား
သွေးသားရင်းပေ၊
ကျူးသမ္မှ ရန်အတွေထွေ
နောင်ညီတွေ အတူဖယ်ရှင်း၊
"အိုးစားဖော် အိုးစားဖက်"
သွေးသက်အပ်နှင်း။
❒ နယ်ချဲ့ရန် ဖက်ဆစ်ဘေး
ကံမှေးခဲ့ တစ်ခါဆီ၊
အားလုံးရန် အားလုံးခွင်း
သွေးရင်းနောင်ညီ၊
လွတ်လပ်ရေး ပန်းတိုင်ဆီ
လှမ်းချီခဲ့ တူတကွ၊
"သွေးစည်းဖော် သွေးစည်းဖက်"
တွဲလက်ခိုင်ကြ။
❒ ကိုယ့်နိုင်ငံ ငြိမ်းချမ်းရေး
ရေရှည်တွေး ဆောင်ရွက်မည်၊
"မင်း - သူ - ငါ" စကားလုံး
မသုံးတော့ပြီ၊
"တို့တွေ" လို့ ဆိုကြမည်
အားလုံးသည် အတူတူမို့၊
"ဆွေးနွေးဖော် ဆွေးနွေးဖက်" မို့
တွဲလက်တွေ အစဉ်ယှက်
ရှေ့ဆက်ချီစို့။
❒ ကောင်းခြင်းတွေ စုံလင်စွ
ချစ်ခင်ကြ တို့နောင်ညီ
နိုင်ငံတော် ဖွံ့ဖြိုးဖို့
ကြိုးပမ်းကြမည်၊
ငြိမ်းချမ်းမှ စည်ပင်မည်
တိုးတက်မည် ပြည့်စီးပွား၊
ယမ်းခိုးတွေ အစဉ်ကင်းအောင်
ရှင်းကြစို့လား။ ။

(၁၁)နှစ်မြောက် NCA နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါသည်။

**မောင်စိမ်းနောင်(လယ်ဝေး)**

*စာမျက်နှာ ၈ မှ*

တတိယဒီမိုကရေစီအစိုးရသစ်ရဲ့ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းမှုအပြီးမှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ (NSPNC) ဟာ အစိုးရရဲ့ ငြိမ်းချမ်းရေးမူဝါဒများနဲ့အညီ NCA လက်မှတ်ရေးထိုးထားတဲ့ EAO များ၊ NCA လက်မှတ်ရေးထိုးပြီး NCA မှ သွေဖည်သွားတဲ့ EAO များ၊ NCA လက်မှတ် မရေးထိုးရသေးတဲ့ EAO များ၊ အခြားငြိမ်းချမ်းရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ၊ လက်နက်ကိုင်အစုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ သံတမန်များနဲ့ စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးလျက်ရှိပါတယ်။ ဒီလိုဆွေးနွေးမှုများမှာ အဓိကအားဖြင့် Bilateral ဆွေးနွေးမှုတွေနဲ့ စတင်ခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေကို အခြေပြုကာ နားလည်မှု၊ ယုံကြည်မှု တည်ဆောက်ခြင်းကို ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

ရွေးကောက်ခံအစိုးရသစ်လက်ထက်မှာ ၂၀၂၆ ခုနှစ် ဧပြီလ ၁၁ ရက်နေ့ကနေ ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့အထိ ၆ လတာကာလအတွင်း NSPNC အနေနဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ EAO အဖွဲ့ ခုနစ်ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ၁၃ ကြိမ်၊ NCA လက်မှတ် မရေးထိုးရသေးတဲ့ EAO အဖွဲ့ ငါးဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ရှစ်ကြိမ်၊ ငြိမ်းချမ်းရေးဆိုင်ရာမိတ်ဖက်အဖွဲ့အစည်း ခြောက်ဖွဲ့နဲ့ ဆွေးနွေးမှု ခုနစ်ကြိမ် စုစုပေါင်း အဖွဲ့ ၁၈ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှု ၂၈ ကြိမ် ရှိနေပြီဖြစ်ပါတယ်။ အပြုသဘောဆောင်တဲ့ ဆွေးနွေးညှိနှိုင်းမှုတွေ ရရှိနေပြီး အပြန်အလှန် လေးစားယုံကြည်မှုနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ ဆက်လက်လုပ်ဆောင်လျက်ရှိနေပါတယ်။

အဲဒီဆွေးနွေးပွဲတွေမှာ အဓိက ဆွေးနွေးခဲ့တဲ့ အကြောင်းအရာတွေကတော့ အပြန်အလှန် နားလည်မှုနဲ့ ယုံကြည်မှုတည်ဆောက်ရေး၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကို နိုင်ငံရေးရလဒ်တွေနဲ့ အမြန်ဆုံးတည်ဆောက်ရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးနဲ့ နယ်စပ်ဖြတ်ကျော်မှုခင်းများ နှိမ်နင်းရေး၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး၊ အကြမ်းဖက်အဖွဲ့တွေ နယ်မြေအတွင်း မရှိစေရေးနဲ့ လိုအပ်တဲ့ဒေသတွေအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီတွေ ပေးအပ်နိုင်ရေးတို့အပြင် NCA လမ်းကြောင်းမှ ထွက်ခွာသွားတဲ့ EAO များ NCA လုပ်ငန်းစဉ်များမှာ ပြန်လည်ပါဝင်လာနိုင်စေရေးတို့ကို လွတ်လပ်ပွင့်လင်းစွာနဲ့ ရင်းရင်းနှီးနှီး ဆွေးနွေးလျက်ရှိပါတယ်။

ဒါ့အပြင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပြည်သူလူထုရဲ့ ယုံကြည်မှုရရှိရေးဟာ လုပ်ငန်းစဉ်ကြီး အောင်မြင်စေရေးအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်တာကြောင့် ပြည်သူကို ဗဟိုပြုတဲ့ ချဉ်းကပ်မှုနဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေ၊ ငြိမ်းချမ်းရေးရဲ့ အကျိုးကျေးဇူးတွေ ပြည်သူတွေ အမြန်ဆုံးခံစားရရှိစေဖို့ကိုလည်း ကြိုးစားလုပ်ဆောင်လျက်ရှိပါတယ်။

**လွတ်လပ်ရေးနဲ့အတူ ပေါက်ဖွားခဲ့တဲ့ လူမျိုးစုလက်နက်ကိုင်ပဋိပက္ခတွေဟာ မတူညီတဲ့ နိုင်ငံရေးရည်မှန်းချက်၊ ကျဉ်းမြောင်းတဲ့လူမျိုးရေးအမြင်၊ ကိုယ်ကျိုးစီးပွားနဲ့ နွယ်တဲ့ ပုဂ္ဂိုလ်ရေး အတ္တဆန်မှုတွေကြောင့် သက်ဆိုးရှည်နေရခြင်းဖြစ်ပါတယ်။** ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ တိုင်းရင်းသားအရေးအကြောင်းပြချက်နဲ့ လက်နက်ကိုင်ဆွဲပြီး နယ်မြေထိန်းချုပ်မှုများ ပြုလုပ်နိုင်ရေး၊ လိုအပ်တဲ့ ဘဏ္ဍာငွေကြေးရရှိဖို့အတွက် မူးယစ်ဆေးဝါး ကုန်သွယ်မှုအပါအဝင် တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံပိုင် သယံဇာတခိုးယူမှုများ၊ အွန်လိုင်းလောင်းကစား လိမ်လည်မှုများနဲ့ နယ်စပ်ဖြတ်ကျော် လက်နက်မှောင်ခိုကုန်သွယ်မှုများဟာ အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားနဲ့ လက်လှမ်းမမီတဲ့ တိုင်းရင်းသားနယ်မြေတွေမှာ ကြီးထွားအမြစ်တွယ်နေတာ ပကတိအရှိတရားဖြစ်ပါတယ်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ လူမျိုးစွဲ၊ ဒေသစွဲကြီးမားစွာနဲ့ ဖြစ်သင့်တာထက်ကျော်လွန်ပြီး ကိုယ်ဖြစ်ချင်တာတွေကို လက်နက်ကိုင် အကြမ်းဖက်နည်းလမ်းနဲ့ တောင်းဆိုနေခြင်းကို နိုင်ငံတော်အစိုးရအနေနဲ့ လက်ခံလို့မရနိုင်တာကြောင့် မိမိတို့ရဲ့ လိုလားချက်တွေကို လက်နက်စွဲကိုင်တောင်းဆိုခြင်းအစား နိုင်ငံရေးယဉ်ကျေးမှုအသစ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးခြင်းလမ်းကြောင်းကိုသာ လျှောက်လှမ်းကြစေချင်ပါတယ်။

**လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရဖြစ်သလို တပ်မတော်နဲ့တစ်သားတည်းဖြစ်လို့ အစိုးရ၊ တပ်မတော်၊ ပြည်သူစည်းလုံးညီညွတ်စွာနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးလိုလားနေတဲ့ "စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး" ဆိုတဲ့ နိုင်ငံရေး ရည်မှန်းချက်ကို ညင်သာစွာ ကူးပြောင်းရရှိအောင် လုပ်ဆောင်နေချိန်ဖြစ်ပါတယ်။**

ဒါ့ကြောင့်လည်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ထိခိုက်ဆုံးရှုံးနစ်နာနေရတဲ့ ဒေသခံပြည်သူတွေရဲ့ လူမှုစီးပွားဘဝများ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲနိုင်ရေး အသိတရားရှိရှိနဲ့ သတိတရားရှိပြီး ထာဝရငြိမ်းချမ်းရေးရဲ့ တံခါးဝ **NCA လမ်းကြောင်းကို လျှောက်လှမ်းကြပါရန် အချိန်အခါကောင်း ရောက်ရှိနေပြီဖြစ်ကြောင်း အသိပေးလိုပါတယ်။**

NCA လမ်းကြောင်းပေါ်က EAO များ၊ လမ်းကြောင်းပေါ်ရောက်ပြီး သွေဖည်သွားတဲ့ EAO များ၊ လမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ တုံ့ဆိုင်းနေတဲ့ EAO များအနေနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် အမှန်တကယ်လိုလားတဲ့ဆန္ဒ၊ သဘောထားကြီးစွာနဲ့ ညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှုနဲ့ ဘေးပယောဂများကို ကြံ့ကြံ့ခံပြီး ဖြစ်ချင်တာထက် ဖြစ်သင့်တာကို ဦးစားပေးကာ သတ္တိရှိရှိဆုံးဖြတ်ပြီး NCA စာချုပ်မှသည် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ကို အမြန်ဆုံးရောက် ရှိအောင် အားသွန်ခွန်စိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

# ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးရန်မှာကြား

**နေပြည်တော် အောက်တိုဘာ ၁၃**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆောင်သစ် ဓာတ်မှန်ဌာနရှိ CT scanner, CXR room, USG room, Mammogram, Dexa scan နှင့် Fluoroscope စသည့် ရောဂါရှာဖွေရေးစက်များ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု Angiogram ဖြင့် နှလုံးရောဂါရှာဖွေကုသပေးနေမှုအခြေအနေများ၊ ဓာတ်ခွဲဌာနနှင့် အဏုဇီဝဗေဒဌာနတို့ရှိ ရောဂါရှာဖွေရေးစက်များနှင့် စာသင်ခန်းများကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ ဆေးကုသဆောင် (၁) သို့ရောက်ရှိပြီး ဆေးတက္ကသိုလ် ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကိုကြည့်ရှု၍ လူနာများအား ကုသပေးသည့်အခါ စေတနာအရင်းခံ နွေးထွေးစွာ ပြုစုကုသပေးရန်နှင့် မိမိတို့တာဝန်များကို အလေးထား တာဝန်ယူဆောင်ရွက်ရန် မှာကြားကာ High Dependency Unit ရှိ လူနာများနှင့် ခြင်ဆီအစားထိုးဌာန (Bone Marrow Transplant Center) သို့ သွားရောက်ပြီး ကျန်းမာရေးအခြေအနေ ကောင်းမွန်၍ ဆေးရုံဆင်းမည့် လူနာငါးဦးတို့ကို အားပေးကြည့်ရှုကာ စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့ပြင် Diplomatic rooms များ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုပြီး Training Center ၌ ဘာသာရပ်ဆိုင်ရာ ပါမောက္ခ/ ဌာနမှူးများ၊ ပါမောက္ခများနှင့် တွေ့ဆုံ၍ ဆေးပညာရှင်များ၏ ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ပေးရန်၊ ပြည်သူများအကျိုးအတွက် ဆေးကုသရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်စေရေး ဆောင်ရွက်ပေးရန်၊ လူနာများအနေဖြင့် ကျန်းမာရေးကုန်ကျစရိတ် စိုက်ထုတ်သုံးစွဲရမှု လျော့ချနိုင်ရေး လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေး လူနာများအား ကောင်းမွန်သောစိတ်ထားဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အလုပ်လုပ်ကိုင်နိုင်သူ လူငယ်လူရွယ်များ၊ အလုပ်အကိုင် ရှာဖွေနေသူများအား ၎င်းတို့၏ အသက်အရွယ်နှင့်သင့်လျော်သော အလုပ်အကိုင်ရွေးချယ်နိုင်ရေး၊ အလုပ်အကိုင်ရရှိရေး၊ အလုပ်ခွင်တည်ငြိမ်ရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ လုပ်ငန်းခွင်နှင့် ကိုက်ညီသင့်လျော်သည့် အလုပ်သမားရရှိရေးတို့အတွက် ဆွေးနွေးညှိနှိုင်းရန် ရည်ရွယ်ချက်ဖြင့် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၀) စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က မြန်မာလုပ်သားထု လူမှုစီးပွားဘဝ အမှန်တကယ် မြင့်မားတိုးတက်လာစေရန်၊ ခေတ်မီဆန်းသစ်သော နည်းပညာများ၊ စက်မှုစနစ်များနှင့်အညီ ရင်ပေါင်တန်းနိုင်ရန်အတွက် လုပ်သားများ၏ အရည်အသွေးကို မဖြစ်မနေ အဆင့်မြှင့်တင်ပေးနိုင်ပါက မိမိတို့နိုင်ငံတော်၏ အနာဂတ်စီးပွားရေးဆိုင်ရာ မောင်းနှင်အားအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့်အတွက် တက်ရောက်လာကြသည့် ဗဟိုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များအနေဖြင့် မိမိတို့တာဝန်ယူထားသည့် ကဏ္ဍအသီးသီးမှ လိုအပ်ချက်များ၊ အခက်အခဲများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်နည်းလမ်းများကို ဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့ အဖွဲ့ဝင်များက လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးနှင့် အလုပ်အကိုင်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် မူဝါဒများချမှတ်ပေးနိုင်ရေး၊ လုပ်သားဈေးကွက်နှင့် ကိုက်ညီသော အလုပ်အကိုင်နှင့် အလုပ်ညွှန်းအမှတ်များ ပြုစုထုတ်ပြန်နိုင်ရေး၊ စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးသော ပြည်သူ့စစ်မှုထမ်းများအတွက် အလုပ်အကိုင် မြန်ဆန်စွာခန့်အပ်နိုင်ရေး၊ ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းတက်ရောက်ပြီးသူများ အလုပ်အကိုင်ရရှိနိုင်ရေး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ခြင်း မရှိသူများအပါအဝင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများနှင့် ဘွဲ့ရရှိထားသူများအားလုံး အလုပ်အကိုင်ရရှိရေး၊ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၌ လိုအပ်သော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များ ပံ့ပိုးပေးနိုင်ရေး ဆွေးနွေးတင်ပြကြရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

အစည်းအဝေးသို့ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဗဟိုအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန်၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ အလုပ်သမားရေးရာဝန်ကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့မှ ကိုယ်စားလှယ်များက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

၂၀၂၄ ခုနှစ်မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဖူဆယ်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မန္တလာသီရိ အားကစားကွင်း Multipurpose Stadium ၌ ကျင်းပသည်။

ဖွင့်ပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ၂၀၂၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက်(၂၅)နှစ်အောက်(အမျိုးသား) ဖူဆယ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင် ၁၁ ခုမှ အားကစားအဖွဲ့များသို့ အားကစားပစ္စည်းများပေးအပ်ပြီး အောင်မြေသာစံခရိုင်အသင်းနှင့် အမရပူရခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြရာ အောင်မြေသာစံခရိုင်အသင်းက အမရပူရခရိုင်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပြိုင်ပွဲများကို အောက်တိုဘာ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ဖို့ နေအိမ်များမှစတင်စို့( Resilience Starts at Home) ခေါင်းစဉ်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးမြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် UNDRR ၏ အကြီးအကဲ Mr.Karmal Kishore ၏ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျော့ချရေးနေ့အတွက် ပြောကြားသည့် သဝဏ်လွှာရုပ်သံနှင့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျော့ချရေးနေ့ အထိမ်းအမှတ် မှတ်တမ်း Video Clip တို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**နေရာကွက်၍ မိုးကြီးနိုင်**

**နေပြည်တော် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၄ ရက် မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပ

**ရန်ကုန်**

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ (IDDRR) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာရုပ်သံဗီဒီယိုနှင့် သဘာဝဘေးလျှော့ပါးရေးလှုပ်ရှားမှု မှတ်တမ်းတင်ဗီဒီယိုကိုကြည့်ရှုကြပြီး ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ (IDDRR) အထိမ်းအမှတ် အခြေခံပညာ(အထက်တန်း၊ အလယ်တန်း၊ မူလတန်း) အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**






**တောင်ကြီး**

၂၀၂၆ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Message ကို လည်းကောင်း၊ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျှော့ချရေးနေ့ အထိမ်းအမှတ်ဗီဒီယိုကိုလည်းကောင်း၊ ရှမ်းပြည်နယ်အတွင်း သဘာဝဘေးလျှော့ပါးရေးလုပ်ငန်းဆောင်ရွက်ချက်ဗီဒီယိုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကာ ခန်းမအတွင်း ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

**မော်လမြိုင်**

မွန်ပြည်နယ်၌ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင် ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းနှင့် တာဝန်ရှိသူများက ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Message နှင့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် Video Clip တို့ကိုကြည့်ရှုပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အထိမ်းအမှတ် မွန်ပြည်နယ်အတွင်း သဘာဝဘေးလျှော့ပါးရေးဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံပြပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**စည်သူ(ပြန်/ဆက်)**





**မြစ်ကြီးနား**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ကျင်းပပြီး အထိမ်းအမှတ်နေ့ပြိုင်ပွဲများနှင့် ပြည်နယ်အတွင်း တက်ကြွစွာ ပူးပေါင်းပါဝင်ကူညီခဲ့သော အဖွဲ့အစည်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ Video Message ကို ဖွင့်လှစ်ပြသကာ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အထိမ်းအမှတ် အခြေခံပညာ ထက်၊ လယ်၊ မူအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ပုသိမ်မြို့၌ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့အခမ်းအနားကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်က ၂၀၂၆ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးသည် သဘာဝဘေး (၂၁၄)ကြိမ် ကြုံတွေ့ခဲ့ရပြီး လက်ရှိတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အစိုးရနှင့် ပြည်သူ လက်တွဲညီညီဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိတိုင်းဒေသကြီးကို ဘေးအန္တရာယ်များ ကြံ့ကြံ့ခံနိုင်စေရေးအတွက် တစ်ဦးတစ်ယောက်ချင်းမှ ကိုယ်တိုင် အသိသတိဖြင့် လျှော့ပါးသက်သာအောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ပေးပို့သည့်သဝဏ်လွှာ Video Message ကို ပြသပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ နှင့် ပန်းချီပြိုင်ပွဲ ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို ဧရာဝတီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်သက်သက်ဆွေ၊ တရားသူကြီးချုပ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးတို့က ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မြို့သစ်မြို့နယ်၌ လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်

**မြို့သစ် အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက စေတနာ့ဝန်ထမ်းများအား လူထုကျန်းမာရေးလုပ်သား (အကျဉ်းချုံး) သင်တန်းကို ယမန်နေ့က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားပေးရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မျိုးဇော်က ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သည့် ပြည်သူများအား အရေးကြီးကူညီဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြသသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းလုပ်ကိုင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသည့် သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

## အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲ၌ နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်း တတိယရရှိ



**နေပြည်တော် အောက်တိုဘာ ၁၃**

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများကို လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ကျင်းပလျက်ရှိရာ ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်းများနှင့် အားကစားရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ (၃၃) ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)တိုက်ကွမ်ဒိုပြိုင်ပွဲတွင် အဆင့်အလိုက် ဖယ်သာဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များ၊ မစ်ဒယ်ဝိတ်တန်းဗိုလ်လုပွဲ ပွဲစဉ်များ၊ ဟဲဗီးဝိတ်တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(A)၌ အသီးသီးယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသူများကို တပ်မတော်တိုက်ကွမ်ဒိုကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်းတပ်မတော် (ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး တတိယနေရာလုပွဲ ပွဲစဉ်များကို ဇေယျာသီရိတပ်မတော်အားကစားရုံ(B)၌ ယှဉ်ပြိုင်ကစားကြရာ အမျိုးသားပွဲစဉ်တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးပွဲစဉ်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)စခန်းမှူးရုံး ကိုယ်စားပြုအသင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို သုံးပွဲ၊ နှစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး တတိယနေရာများရရှိသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၃၃)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မြန်မာ့သိုင်းပြိုင်ပွဲ၊ အမျိုးသားဗန်တိုအတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသားပန်ကြပ်ဆီလပ် အတိုက်(ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်၊ အမျိုးသားဓားနှစ်လက်အတိုက် (ခ)တန်း ဗိုလ်လုပွဲ ပွဲစဉ်များကို ဇေယျာသီရိ တပ်မတော်အားကစားရုံ(C)၌ အသီးသီးယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယရရှိကြသူများကို တပ်မတော်မြန်မာ့သိုင်းကော်မတီမှ တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ (၅၆)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ဝှေ့ပြိုင်ပွဲတွင် ကီလိုတန်းအလိုက် လူသစ်တန်း၊ ဗိုလ်လုပွဲ ပွဲစဉ်များကို နေပြည်တော်ရှိစစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်နယ်အားကစားခန်းမ၌ အသီးသီးယှဉ်ပြိုင်ကစားကြသည်။ **(အပေါ်ပုံ)**

ထို့အတူ ၂၀၂၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား (၆၃)ကြိမ်မြောက် အလွတ်တန်းအဆင့် ဘောလုံးပြိုင်ပွဲကို ညနေပိုင်းတွင် ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ပြုလုပ်ရာ တတိယနေရာလုပွဲ ပွဲစဉ်အဖြစ် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲ ပထမပိုင်းတွင် နှစ်သင်းလုံးသည် တတိယနေရာသို့ တက်ရောက်လာကြသောအသင်းများဖြစ်သည့်အလျောက် တစ်ဖက်နှင့်တစ်ဖက် ဂိုးမပေးရရေးအတွက် အကြိတ်အနယ်ကစားခဲ့ကြပြီး ပွဲကစားချိန် ၁၀ မိနစ်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ ကျောနံပါတ် ၇ က ဦးဆောင်ဂိုး စတင်သွင်းယူနိုင်ခဲ့ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအနေဖြင့်လည်း ချေပဂိုးပြန်လည်သွင်းယူနိုင်ရေးအတွက် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ပြီး ပွဲကစားချိန် ၁၂ မိနစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းမှ ကျောနံပါတ် ၉ က ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့ကြောင်း၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်အသင်းကလည်း အနိုင်ဂိုးပြန်လည်ရရှိနိုင်ရေးအတွက် ထိုးဖောက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲကစားချိန် ၂၁ မိနစ်တွင် ဒုတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို နှစ်ဂိုး-တစ်ဂိုးရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းလုံး အားအင်အပြည့်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ နေပြည်တော်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းဘက်ကို ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ကစားခဲ့ပြီး ဒုတိယပိုင်း ၆၀ မိနစ်တွင်လည်းကောင်း၊ ၇၆ မိနစ်တွင် လည်းကောင်း၊ ၈၄ မိနစ်တွင်လည်းကောင်း၊ ဒုတိယပိုင်းပြီးဆုံးခါနီး ၉၀ မိနစ်တွင်လည်းကောင်း ဂိုးများ ဆက်တိုက်ထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ဒုတိယပိုင်းပြီးဆုံးချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို ခြောက်ဂိုး-တစ်ဂိုးရလဒ်ဖြင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက တတိယရရှိခဲ့သည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာအသိပညာပေး

**စလင်း အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းသီဟဇော်နှင့် တာဝန်ရှိသူများက အယ်လ်နီညိုဖြစ်စဉ်၏ သဘာဝနှင့်သက်ရောက်မှုများ၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် ပြင်ဆင်စုဆောင်းထားရှိမှုအခြေအနေများကို အသိပညာပေးရှင်းလင်းဟောပြောသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများက မိမိတို့ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် ဒေသတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေးတို့အတွက် အကြံပြုဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**မောင်လွှင်(စလင်း)**



## ခမ်းပတ်မြို့၌ အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ဖွင့်လှစ်

**တမူး အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမ်းပတ်မြို့၌ နယ်မြေလုံခြုံရေးအခြေအနေအရ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစ၍ ယာယီပိတ်သိမ်းထားခဲ့ရသည့် အခြေခံပညာအထက်တန်းကျောင်း(ခမ်းပတ်)အား လက်ရှိတွင် ခမ်းပတ်မြို့၏ လုံခြုံရေးပြန်လည်ကောင်းမွန်လာပြီဖြစ်သဖြင့် ယနေ့ နံနက် ၉ နာရီက ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ထိုသို့ဖွင့်လှစ်ရာတွင် ခမ်းပတ်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူ ၁၇၆ ဦးတို့အား ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ ၁၃ ဦးတို့က ကျောင်းခေါ်ချိန် ပြည့်မီနိုင်ရေး ပညာရေးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သင်ကြားပေးလျက်ရှိကာ Placement Test (အထူးအစီအစဉ်)ဖြင့် ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူ ၄၃၆ ဦးအား သတ်မှတ်အစီအစဉ်များအတိုင်း ဝင်ခွင့်ဖြေဆို၍ ကျောင်းတက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေနိုင်ရေးအတွက် ခမ်းပတ်မြို့အုပ်ချုပ်ရေးမှူးနှင့် ဌာနတာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်

**ရွှေတောင် အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ မြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဦးဆောင်မှုဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်အန္တရာယ်ဖြစ်ပွားပါက ဖြစ်ပေါ်တတ်သောရောဂါများကို လိုအပ်သော ကျန်းမာရေးစောင့်ရှောက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

ရွှေတောင်မြို့နယ်ရှိ တရုတ်မှော်တိုက်နယ်ဆေးရုံ၌ အပူဒဏ်ကြောင့်ဖြစ်ပွားသည့်လူနာများအား အရေးပေါ်ကုသမှုပေးရာတွင် ကုသမှုလုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်အတွက် လေ့ကျင့်မှုများဆောင်ရွက်ခြင်းအပါအဝင် အပူဒဏ်အန္တရာယ်နှင့် ပတ်သက်သော ကျန်းမာရေးပြဿနာများ ကာကွယ်ကုသရေးလုပ်ငန်းများ၊ ကျန်းမာရေး



ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုမင်း(ပြန်/ဆက်)**

# မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ ဆင်ခြေလျှောမြေသားနိမ့်ကျမှုအား ပြုပြင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံသည် အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရေလှောင်တမံ၏ တမံပေါင်နိမ့်ကျမှုကြောင့် အရေးပေါ်ရေပိုလွှဲမှ ဆည်ရေများ လျှော့ချလျက်ရှိပြီး ရေလှောင်တမံ၏ ဆင်ခြေလျှောနိမ့်ကျမှုအား ပြန်လည်ပြုပြင်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

တမံ၏အထက် ရေပြင်နှင့်ထိစပ်အပိုင်းမှစ၍ တမံလျှော့အိကျ နေရာတစ်လျှောက်တွင် မိုးရေစိုခြင်း၊ နေပူဒဏ်နှင့် ရေလှိုင်းရိုက်ခတ်ခြင်း ဒဏ်မခံရစေရန်အတွက် မိုးရေကာဖျင်များစနစ်တကျအုပ်မိုးကာကွယ်ခြင်း၊ တမံလျှော့အိကျမှုအား ကာကွယ်ထိန်းသိမ်းရန်နှင့် တမံအောက်ခြေဆင်ခြေလျှော၏ အပြင်ဘက်မှ တမံတာအောက်ခြေအား ပိုမိုခိုင်မာ တောင့်တင်းမှုရှိစေရန် မြေသားတမံပုံစံ ဆောင်ရွက်ခြင်းတို့ကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ စက်ယန္တရားများ အသုံးပြု၍ အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သိုလှောင်ထိန်းသိမ်းထားရှိသည့် မမြရေလှောင်တမံ ရေပြင်၏နိမ့်မြင့် အမှတ် ၃၁၅ ပေမှ သိုလှောင်ရေ ၁၀ ပေ လျှော့ချနိုင်ရန် တမံ၏အရေးပေါ်ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိရာ ယနေ့ အောက်တိုဘာ ၁၃ရက်နေ့ ညနေပိုင်းတွင် တမံရှိရေ ၃၁၀ ဒသမ ၃၅ ပေသာ ကျန်ရှိတော့သဖြင့် ၄ ဒသမ ၆၅ ပေခန့် လျှော့နည်းသွားကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ရေဘေးသင့်ကျေးရွာများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



**လေးမျက်နှာ အောက်တိုဘာ ၁၃**

လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမြင့်စိုးနှင့် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့သည် ယနေ့နံနက်ပိုင်းတွင် အရှေ့ကွမ်းခြံကုန်းသို့ ရောက်ရှိပြီး သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် တွင်းဆေး၊ တွင်းမှုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကွမ်းခြံကုန်းဘုန်းတော်ကြီးကျောင်းတွင် ရွာသူရွာသားများနှင့်တွေ့ဆုံကာ ရာသီအချိန်မီ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုပ်စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ကြရေးဆွေးနွေးခြင်း၊ အခြေခံပညာမူလတန်းကျောင်း၌ လျှပ်စစ်မီး သွယ်တန်းနိုင်ရေးအတွက် ဆွေးနွေးခြင်း၊ ညောင်ပင်ဝဲကျေးရွာ၌ မီးရရှိရေး၊ ရေရရှိရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုပြီး ရွာသူရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆွေးနွေးခြင်းများ ဆောင်ရွက်သည်။

ထို့နောက် လေးမျက်နှာမြို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆန်စပါး ပြန်လည်စိုက်ပျိုးနိုင်မှု၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံ နေကြာစိုက်ပျိုးမည့် အခြေအနေ၊ အချိန်မီမျိုးရရှိရေး၊ ထွန်ယက်စိုက်ပျိုးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လေးမျက်နှာမြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်ဆရာဝန်နှင့် တွေ့ဆုံကာ လေးမျက်နှာမြို့နယ် အနောက်ခြမ်းတွင် ဖွင့်လှစ်ခဲ့ပြီးသော ဆေးရုံ၊ ဆေးပေးခန်းများ အခြေအနေ၊ မြို့နယ်အတွင်း ကျေးလက် ကျန်းမာရေးဌာနခွဲ ဆက်လက် ဖွင့်လှစ်လိုသည့် ကျေးရွာများ အခြေအနေတို့ကို လည်းကောင်း၊ သခွတ်ချောင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဆရာ ဆရာမများ ရွာသားများနှင့်တွေ့ဆုံ၍ ကျေးရွာအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ညှိနှိုင်းဆွေးနွေးပြီး လေးမျက်နှာ-သခွတ်ချောင်းလမ်း ပြန်လည်ပြုပြင်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။ **သတင်းစဉ်**



# တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာသို့ သောက်သုံးရေများ လှူဒါန်း

**တံတားဦး အောက်တိုဘာ ၁၃**

တံတားဦးခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့တို့ ဦးဆောင်ပြီး တံတားဦးမြို့နယ် ဇီးချောင်းကျေးရွာ၌ ရေရှားမှု မဖြစ်ပေါ်စေရေးအတွက် သောက်သုံးရေများကို ယမန်နေ့က သွားရောက်လှူဒါန်းရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး အိမ်ခြေ ၂၈၉ အိမ်၊ အိမ်ထောင်စု ၃၀၀ ရှိသည့် ဇီးချောင်းကျေးရွာရှိ ကျေးရွာသူ ကျေးရွာသားများ သောက်သုံးရေအတွက် စေတနာရှင် လူမှုကူညီရေးအသင်းမှ ရေဂါလန် ၃၀၀၀ ဆံ့ကားတစ်စီး၊ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ယာဉ်မှ ကားတစ်စီး စုစုပေါင်း ရေဂါလန် ၄၆၀၀ ကို လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ရဲတင့်(ပြန်/ဆက်)

# တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ သွားရောက်လေ့လာ

**နေပြည်တော် အောက်တိုဘာ ၁၃**

ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းပြင်ပ အသိပညာ ဗဟုသုတများစွာရရှိစေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်၊ မြန်မာ့သမိုင်းစဉ် ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ် မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေ ဗဟုသုတများကို လေ့လာနိုင်စေရန်၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် နိုင်ငံ့အရေးအတွက် စွန့်လွှတ်ပေးဆပ်မှုများဖြင့် အားထုတ်ကြိုးပမ်းခဲ့ကြသည့် တပ်မတော်သားများ၏ ဂုဏ်ယူဖွယ်ရာစွမ်းဆောင်ချက်များအား မြင်တွေ့လေ့လာမှုများမှ တစ်ဆင့် လူငယ်လူရွယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာပြီး နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များ တိုးတက်ဖြစ်ထွန်းလာစေရန် ရည်ရွယ်၍ နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း (မင်္ဂလာဒီပ)နှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) (ညောင်လုံး)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး တပ်မတော်(လေ) ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် အသုံးပြုခဲ့သော တပ်မတော်လေယာဉ်များ၊ တပ်မတော်(ရေ)ပြင်ပပြကွက်တွင် ခင်းကျင်းပြသထားသော စစ်ရေယာဉ်ပုံစံတူများ၊ စစ်လက်နက်ပစ္စည်းများကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော် (ကြည်း) ပြခန်းဆောင်တွင် ခေတ်အဆက်ဆက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ၏ ရုပ်တုများနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် မုန့်များ ပေးဝေခဲ့ကြသည်။

ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးသည်။

ဆက်လက်၍ ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ကြသည်။ **သတင်းစဉ်**



ဘိုကလေးမြို့နယ်၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မီးလောင်မှုမဖြစ်ပွားစေရေး အောက်တိုဘာ ၁၂ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်း၍ ဘိုကလေးမြို့နယ်အတွင်းမှ စက်သုံးဆီဆိုင်များအား ဆီသိုလှောင်မှုနှင့် မီးဘေးလုံခြုံရေးဆောင်ရွက်ထားမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ မိုးစက်(ဘိုကလေး)

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များ အားတစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG, CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ဖိလစ်ပိုင်၌ အသက် ၁၃ နှစ်အောက် ကလေးများ လူမှုကွန်ရက်အသုံးပြုခွင့် ကန့်သတ်မည့် ဥပဒေကြမ်းကို အောက်လွှတ်တော် အတည်ပြု



**မနီလာ အောက်တိုဘာ ၁၃**

ဖိလစ်ပိုင်နိုင်ငံ၌ အသက် ၁၃ နှစ်အောက် ကလေးငယ်များ လူမှုကွန်ရက်ပလက်ဖောင်းများ (Social Media) အသုံးပြုခွင့်ကို ကန့်သတ်ပိတ်ပင်မည့် ဥပဒေကြမ်းတစ်ရပ်ကို အောက်လွှတ်တော်က အောက်တိုဘာ ၁၂ ရက်တွင် မဲအများစုဖြင့် အတည်ပြုလိုက်ကြောင်း သိရသည်။

အဆိုပါဥပဒေကြမ်းနှင့် အလားတူသည့် ဥပဒေကြမ်းတစ်ရပ်ကိုလည်း အထက်လွှတ်တော်က ပြီးခဲ့သည့်သီတင်းပတ်အတွင်း အတည်ပြုခဲ့ပြီး ယင်းဥပဒေကြမ်းတွင် အသက် ၁၈ နှစ်အောက် လူငယ်များအားလုံး လူမှုကွန်ရက်အကောင့်ဖွင့်လှစ်ခြင်းနှင့် အသုံးပြုခြင်းတို့ကို ကန့်သတ်တားမြစ်ရန် အဆိုပြုထားသည်။

ပြီးခဲ့သည့် ဇွန်လမှစတင်၍ အရွယ်မရောက်သေးသူများ ပါဝင်ပတ်သက်သည့် ကျောင်းတွင်းသေနတ်ပစ်ခတ်မှု သုံးကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ကျောင်းသားများ သေဆုံးခဲ့ရသည့်နောက်ပိုင်း အွန်လိုင်းအကြောင်းအရာများနှင့် လူမှုကွန်ရက်များ၏ ဆိုးကျိုးသက်ရောက်မှုအပေါ် စိုးရိမ်မှုများမြင့်တက်လာကာ ဖိလစ်ပိုင်လွှတ်တော်က ယခုကဲ့သို့ ဥပဒေပြုရေးဆိုင်ရာ လုပ်ဆောင်မှုများကို အရှိန်မြှင့်ဆောင်ရွက်လာခြင်းဖြစ်သည်။

ယခုအခါ အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့သည် ၎င်းတို့အတည်ပြုထားသည့် ဥပဒေကြမ်းနှစ်ရပ်ကို ညှိနှိုင်းပေါင်းစည်းကာ နောက်ဆုံးမူကြမ်းတစ်ရပ် ရေးဆွဲသွားမည်ဖြစ်သည်။

ထို့နောက် အဆိုပါ ဥပဒေကြမ်းကို သမ္မတ ဖာဒီနန် မားကို့စ် ဂျူနီယာထံ တင်ပြ၍ အတည်ပြုလက်မှတ်ရေးထိုးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အင်ဒိုနီးရှား၌ တောမီးလောင်ကျွမ်းမှုကြောင့် အရှေ့တောင်အာရှဒေသအချို့ မီးခိုးမြူများဖုံးလွှမ်း

**ဂျကာတာ အောက်တိုဘာ ၁၃**

အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားနှင့် ကာလီမန်တန်ကျွန်းတို့တွင် တောမီးများ အပြင်းအထန် လောင်ကျွမ်းနေခြင်းကြောင့် အရှေ့တောင်အာရှဒေသအချို့တွင် နယ်စပ်ဖြတ်ကျော် မီးခိုးမြူများ ဆက်လက်ဖုံးလွှမ်းနေပြီး ပြည်သူများ၏ နေ့စဉ်လူနေမှုဘဝနှင့် စီးပွားရေးလုပ်ငန်းများအပေါ် ရိုက်ခတ်မှုများရှိနေကြောင်း သိရသည်။

စင်ကာပူနိုင်ငံတွင် အောက်တိုဘာ ၁၃ ရက်က မိုးမျှော်တိုက်များနှင့် အထင်ကရနေရာများကို မီးခိုးမြူများထူထပ်စွာ ဖုံးလွှမ်းခဲ့သည်။ လေထုအရည်အသွေးတိုင်းတာချက် (AQI) သည် ၁၉၄ အထိ မြင့်တက်ခဲ့ပြီး ကမ္ဘာ့လေထုညစ်ညမ်းမှု အဆိုးရွားဆုံးမြို့ကြီးများစာရင်းတွင် ပါဝင်လာခဲ့သည်။

အိမ်နီးချင်း မလေးရှားနိုင်ငံတွင်လည်း မီးခိုးမြူများ၏ သက်ရောက်မှုကို ဆိုးရွားစွာခံစားနေရပြီး ပြည်နယ်အချို့ရှိ စာသင်ကျောင်းများကို ဘေးကင်းလုံခြုံရေးအတွက် ပိတ်ထားရသည်။

ယခုနှစ်အတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားနေသော ၁၁ နှစ်တာကာလအတွင်း အဆိုးရွားဆုံးတောမီးလောင်ကျွမ်းမှုများသည် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကာလရှည်ကြာ မိုးခေါင်ခြောက်သွေ့မှုနှင့်အတူ စိုက်ပျိုးမြေအတွက် တောမီးရှို့ရှင်းလင်းသည့် အလေ့အထများကြောင့် ဖြစ်ပွားခဲ့သည်ဟု ယူဆထားကြသည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### ရုရှား၌ ဗီယက်နမ်နိုင်ငံသားများ ဗီဇာမလို ရက်ပေါင်း ၃၀ အထိ နေထိုင်နိုင်

အောက်တိုဘာ ၁၅ ရက်မှစတင်၍ ဗီယက်နမ်နိုင်ငံသားများသည် ရုရှားနိုင်ငံသို့ ပြည်ဝင်ဗီဇာမလိုဘဲ ဝင်ရောက်ကာ ရက်ပေါင်း ၃၀ အထိ နေထိုင်နိုင်ကြောင်း ဗီယက်နမ်သတင်းဌာန၏ အောက်တိုဘာ ၁၃ ရက် ဖော်ပြချက်အရ သိရသည်။ ယင်းမူဝါဒသည် စီးပွားရေးဆိုင်ရာ ခရီးစဉ်များ၊ ခရီးသွားလုပ်ငန်း၊ အခမ်းအနားများတွင် ပါဝင်တက်ရောက်ခြင်းနှင့် တတိယနိုင်ငံများသို့ ဖြတ်သန်းသွားလာခြင်းတို့အတွက် အကျုံးဝင်မည်ဖြစ်ပြီး အလုပ်လုပ်ကိုင်ခြင်း၊ သတင်းမီဒီယာဆိုင်ရာလုပ်ငန်းများ၊ ပညာသင်ကြားရေးနှင့် အမြဲတမ်းနေထိုင်ခွင့်လျှောက်ထားမှုများအတွက် အကျုံးမဝင်ကြောင်း သိရသည်။

**ဆင်ဟွာ**

### စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ကားအသစ်တင်ပို့မှု တစ်သန်းကျော်ရှိ

စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ ကားအသစ်တင်ပို့မှု တစ်သန်းကျော်ရှိပြီး လွန်ခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၀ ရာခိုင်နှုန်းကျော်မြင့်တက်လာကြောင်း သိရသည်။ အရှေ့အလယ်ပိုင်းဒေသ အခြေအနေများကြောင့် တစ်ကမ္ဘာလုံးတွင် ဓာတ်ဆီဈေးနှုန်းများ မြင့်တက်နေချိန်၌ လျှပ်စစ်ကားဝယ်လိုအား မြင့်တက်လာမှုကို ယခုကိန်းဂဏန်းများက ပြသနေသည်။ ပြီးခဲ့သည့် စက်တင်ဘာလအတွင်း မော်တော်ယာဉ်အသစ် တင်ပို့မှုစုစုပေါင်း ၁ ဒသမ ၀၅ သန်း ရှိခဲ့ကြောင်း တရုတ်နိုင်ငံမော်တော်ယာဉ် ထုတ်လုပ်သူများအသင်းက အောက်တိုဘာ ၁၂ ရက်တွင် ပြောကြားပြီး ယင်းပမာဏမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၆၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## တိုကျိုမြို့အနီးတွင် နောက်ဆုံးပေါ် ဒီဂျစ်တယ်နည်းပညာပြပွဲ 2026 စတင်ဖွင့်လှစ်

**တိုကျို အောက်တိုဘာ ၁၃**

ဂျပန်နိုင်ငံ တိုကျိုမြို့အနီး ချီဘာမြို့ရှိ မာကူဟာရီမက်ဆဲ ကွန်ဗင်းရှင်းစင်တာတွင် နောက်ဆုံးပေါ် ဒီဂျစ်တယ်နည်းပညာများကို ပြသသည့် အကြီးမားဆုံး နှစ်စဉ်ပြပွဲတစ်ခုဖြစ်သော CEATEC 2026 ကို အောက်တိုဘာ ၁၃ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ယခုနှစ်ပြပွဲတွင် စိတ်ဝင်စားမှုအများဆုံးရရှိနေသည့် နည်းပညာတစ်ခုမှာ ကိုယ်တိုင်ဆုံးဖြတ်လုပ်ဆောင်နိုင်သည့် Physical AI နည်းပညာဖြစ်သည်။ ယင်းနည်းပညာသည် ဉာဏ်ရည်တု (AI) ကို စက်ရုပ်များနှင့် အခြားရုပ်ပိုင်းဆိုင်ရာ စက်ပစ္စည်းများတွင် ပေါင်းစပ်အသုံးပြုကာ ပတ်ဝန်းကျင်ကို သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကိုယ်တိုင်လုပ်ဆောင်နိုင်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။

ပြပွဲတွင် မစ်ဆူဘီရှီ အီလက်ထရစ် (Mitsubishi Electric) ကုမ္ပဏီက လုပ်သားရှားပါးမှုကိုဖြေရှင်းရန်အတွက် ကုန်ပစ္စည်းများကို စင်ပေါ်သို့ ကိုယ်တိုင်ရွေးချယ်စီစဉ်ပေးနိုင်သည့် AI စက်ရုပ်များကို ပြသခဲ့သည်။

CEATEC 2026 ပြပွဲတွင် ဂျပန်နိုင်ငံအတွင်းမှသာမက နိုင်ငံတကာမှကုမ္ပဏီများနှင့် အဖွဲ့အစည်းများအပါအဝင် စုစုပေါင်း ၈၂၁ ခု ပါဝင်ပြသလျက်ရှိပြီး အဆိုပါပြပွဲကို အောက်တိုဘာ ၁၆ ရက်အထိ ၄ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

■

## ပါကစ္စတန်၌ ရထားလမ်းချော်မှုကြောင့် ငါးဦးထက်မနည်းသေဆုံးကာ ၃၀ ကျော် ထိခိုက်ဒဏ်ရာရ

**အစ္စလာမာဘတ် အောက်တိုဘာ ၁၃**

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ် မူးလ်တန်ခရိုင် ရှာရှားမြို့အနီးတွင် ခရီးသည်တင် ရထားတစ်စင်း လမ်းချော်မှုဖြစ်ပွားရာ အနည်းဆုံး လူငါးဦး သေဆုံးပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။

အဆိုပါ ခရီးသည်တင်ရထားသည် ကရာချီမြို့မှ ပက်ရှ်ဝါမြို့သို့ ဦးတည်မောင်းနှင်လာစဉ် အောက်တိုဘာ ၁၃ ရက် အစောပိုင်းတွင် လမ်းချော်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးသမားများသည် ရထားတွဲ ၁၄ တွဲစလုံး လမ်းချော်ခဲ့သည့်နေရာမှ ရုပ်အလောင်းလေးခုကို တွေ့ရှိခဲ့ပြီး ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။



ပါကစ္စတန်သမ္မတ အာဆစ်အလီဇာဒါရီနှင့် ဝန်ကြီးချုပ် ရှက်ဘတ်ဇ်ရှာရစ်ဖ်တို့က အဆိုပါ ဖြစ်ရပ်အတွက် များစွာစိတ်မကောင်းဖြစ်ရကြောင်း ဝမ်းနည်းစကားပြောကြားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို အကောင်းဆုံးသော ဆေးဝါးကုသမှုများ အမြန်ဆုံးပေးအပ်ရန် သက်ဆိုင်ရာ အာဏာပိုင်များကို ညွှန်ကြားထားသည်။

**စပွတ်နစ်ခ်**

## အာဖဂန်၌ သဘာဝဘေးအန္တရာယ်များကြောင့် တစ်နှစ်အတွင်း လူ ၆၇၉ ဦး သေဆုံး

**ကဘူးလ် အောက်တိုဘာ ၁၃**

လွန်ခဲ့သည့် တစ်နှစ်အတွင်း အာဖဂန်နစ္စတန်နိုင်ငံ၌ ရေကြီးမှုနှင့် ဆက်စပ်သည့် ပြင်းထန်သော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ လူ ၆၇၉ ဦး သေဆုံးပြီး ၁၆၃၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက အောက်တိုဘာ ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်များသည် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝနှင့် အခြေခံ အဆောက်အအုံများကို ဆိုးရွားစွာ ပျက်စီးစေခဲ့ကြောင်း အာဖဂန်အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဟာဖစ်ဇ် မိုဟာမက်ယူဆွတ်ဖ် ဟာမက်က ပြောသည်။

ဘေးအန္တရာယ် များကြောင့် နေအိမ် ၄၅၀၀ နီးပါး လုံးဝပျက်စီးခဲ့ပြီး နေအိမ် ၁၇၆၆၄ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည်။ ထို့ပြင် လမ်းမကြီး ၇၄၆ ကီလိုမီတာခန့်နှင့် စိုက်ပျိုးမြေ ဧက ၈၃၃၀၀ ကျော် ပျက်စီးခဲ့ရပြီး ရေကြီးမှုဒဏ် ခံစားခဲ့ရသော မိသားစုပေါင်း ၄၄၉၁၈ စုရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန် နိုင်ငံတွင် ရုတ်တရက်ရေကြီးမှုများ၊ မြေပြိုမှုများ၊ ကာလရှည် မိုးခေါင်ရေရှားမှုများနှင့် နှင်းထုပြိုကျမှုများ မကြာခဏဖြစ်ပွားလေ့ရှိရာ လူ့အသက်နှင့် စီးပွားရေးအရ ကြီးမားသော ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိသည်။

**ဆင်ဟွာ**

## ဂျီဘူတီကမ်းလွန်တွင် ရွှေ့ပြောင်းသူများလိုက်ပါလာသည့် သင်္ဘောနစ်မြုပ်မှုတွင် သေဆုံးသူ ၁၃၉ ဦးထက်မနည်း ရှိလာ

**ဂျီဘူတီစီးတီး အောက်တိုဘာ ၁၃**

အရှေ့အာဖရိကရှိ ဂျီဘူတီနိုင်ငံ ကမ်းလွန်ပင်လယ်ပြင်တွင် ရွှေ့ပြောင်းသွားလာသူများ လိုက်ပါလာသော သင်္ဘောတစ်စင်း နစ်မြုပ်မှုကြောင့် သေဆုံးသူပေါင်း ၁၃၉ ဦးထက်မနည်း ရှိလာကြောင်းနှင့် ပျောက်ဆုံးနေသူ ၈၄ ဦးကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) ၏ ထုတ်ပြန်ချက်အရ အဆိုပါသင်္ဘောသည် ရွှေ့ပြောင်းနေထိုင်သူ ၃၀၀ ကျော်ကို တင်ဆောင်ကာ ဂျီဘူတီနိုင်ငံမှ ယီမင်နိုင်ငံသို့ ထွက်ခွာလာခြင်းဖြစ်ပြီး အောက်တိုဘာ ၈ ရက် ညပိုင်းတွင် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် ကလေးငယ်များလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါသင်္ဘောနစ်မြုပ်ရခြင်း၏ အဓိကအကြောင်းရင်းမှာ သတ်မှတ်ပမာဏထက် ဝန်ပိုတင်ဆောင်ခြင်းကြောင့် ဖြစ်ကြောင်း ဒေသတွင်း IOM တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကား၍ သတင်းဌာနအချို့က ဖော်ပြထားသည်။

ရွှေ့ပြောင်းနေထိုင်သူ အများစုသည် ချမ်းသာကြွယ်ဝသော ပင်လယ်ကွေ့နိုင်ငံများတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် အရှေ့အာဖရိကမှ ယီမင်နိုင်ငံသို့ နှစ်စဉ်နှစ်တိုင်း အလွန်အန္တရာယ်များသော ပင်လယ်ရေကြောင်းလမ်းကိုဖြတ်ကျော်၍ သွားရောက်လေ့ရှိကြသည်။

**အင်န်အိတ်ချ်ကေ**

❍ *ကျောဖုံးမှ*

အားကစားဖွင့်ပွဲအခမ်းအနားသို့ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်း၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုင်းထွန်းညို၊ ဦးနေမျိုးလှိုင်၊ ဒေါက်တာ နေခြည်လှဲ့လှဲ့သိန်း၊ ဦးလင်းအောင်၊ ဦးသိုက်စိုး၊ ဦးခင်လတ်ကြီး၊ ဒေါက်တာသောင်းနိုင်ဦး၊ ဦးမျိုးကျော်သူ၊ ဦးမျိုးမြင့်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပြိုင်ပွဲကျင်းပရေးအဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများအလိုက် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ ကွင်းအတွင်းနေရာယူကြပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အဖွင့်အမှာစကားပြောကြား၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုကြပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ပြီး ပြိုင်ပွဲတွင် ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်ငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများနှင့်အတူ ပြေးခုန်ပစ်အားကစားသမားများ၏ ပြိုင်ပွဲအမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီးနောက် အမျိုးသမီးသံပြားပိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်ကလည်းကောင်း၊ အမျိုးသားသံပြားပိုင်းပစ်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုင်းထွန်းညိုကလည်းကောင်း၊ အမျိုးသားအလျားခုန်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းကလည်းကောင်း၊ အမျိုးသမီး မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများကို အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း၊ အမျိုးသား မီတာ ၁၀၀၀၀ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသား မီတာ ၄၀၀ ဗိုလ်လုပွဲ ပွဲစဉ်တွင် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ၏ စံချိန်သစ်ကို အောင်မြင်စွာ တင်နိုင်ခဲ့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ဟိန်းထက်အောင်သည် ၄၈.၀၁ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည့်အတွက် အားကစားသမားနှင့် နည်းပြတို့ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါစံချိန်သည် ၁၉၈၉ ခုနှစ်တွင် ကုန်သွယ်ရေးဝန်ကြီးဌာနမှ အားကစားသမား ထွန်းဝင်းသိန်း တင်ခဲ့သည့် ၄၈.၅၀ စက္ကန့် စံချိန်ဟောင်းကို ၀.၄၉ စက္ကန့်ဖြင့် ကျော်လွန်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း (၃၇) နှစ်ကြာ တည်ရှိခဲ့သည့် စံချိန်ဟောင်းကို ချိုးဖျက်နိုင်ခဲ့ခြင်းဖြစ်သည့်အပြင် ၁၉၉၃ ခုနှစ် ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သည့် (၁၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အားကစားသမား ငွေဝင်း တင်ခဲ့သည့် အမျိုးသား မီတာ (၄၀၀) စံချိန် ၄၈.၆၃ စက္ကန့်ထက်လည်း ပိုမိုကောင်းမွန်သော စံချိန်ဖြင့် စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ငွေဝင်း၏ စံချိန်မှာ Electronic Timing (ET) စနစ်ဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်ပြီး ဟိန်းထက်အောင်၏ ယခုစံချိန်မှာ Hand Timing (HT) စနစ်ဖြင့် မှတ်တမ်းတင်ထားခြင်းဖြစ်သဖြင့် အချိန်တိုင်းတာမှုစနစ် ကွဲပြားခြားနားမှုကို ထည့်သွင်းစဉ်းစား၍ စံချိန်နှစ်ရပ်စလုံးကို သီးခြားမှတ်တမ်းများအဖြစ် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ အသိအမှတ်ပြုဖော်ပြပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အားကစားရေးရာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ် ပြေးခုန်ပစ်အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ပြေးခုန်ပစ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပြေးခုန်ပစ်ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှ ၁၆ ရက်အထိ ပြိုင်ပွဲကာလ လေးရက်ကြာဖြင့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ စုစုပေါင်းအင်အား ၄၈၇ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❁ *ကျောဖုံးမှ*

သစ္စာအားမာန် အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၂၂ မိနစ်တွင် စောအောင်မျိုးဓေးက တန်ပြန်တိုက်စစ်မှ တစ်ဆင့် သွင်းယူပေးခဲ့သဖြင့် ပထမပိုင်းတွင် တစ်ဂိုးစီဖြင့်သရေကျခဲ့သည်။

ဒုတိယပိုင်းတွင် GALAXY အသင်းမှ ကျောနံပါတ် (၇) အောင်မြတ်သာက ပွဲချိန် ၅၁ နှင့် ၅၅ မိနစ်တို့တွင် ရရှိသည့် အခွင့်အရေးများကိုအမိအရအသုံးချကာ အနိုင်ဂိုးများ ဆက်တိုက်သွင်းယူပေးခဲ့သည်။ သစ္စာအားမာန် အသင်း ချေပဂိုးများရရှိရေး ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၇၂ မိနစ်တွင် စောအောင်မျိုးဓေးက ဒုတိယမြောက် ချေပဂိုးကို ထပ်မံသွင်းယူပေးခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် GALAXY အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အဆိုပါပွဲစဉ်၏ AYA Pay Player Of The Match ဆုကို GALAXY အသင်းမှ ကျောနံပါတ် (၇) အောင်မြတ်သာက ရရှိခဲ့သည်။

အပတ်စဉ်(၁၉) တတိယနေ့ ပွဲစဉ်အဖြစ် အောက်တိုဘာ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်စီးတီးနှင့် ရတနာပုံ(တောင်ဒဂုံကွင်း)၊ မြဝတီနှင့် စစ်ကိုင်းယူနိုက်တက် (သီဟာဒီပကွင်း) နှင့် ဟံသာဝတီယူနိုက်တက်နှင့် ISPE အသင်း(ဗဟန်းကွင်း)တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး ဓာတ်ပုံ-ML**

---

◆ *ကျောဖုံးမှ*

ကိုဗင်ထရီအသင်း၏ အဆိုပါနိုင်ပွဲမှာ နှစ်ပေါင်း ၂၅ နှစ်အတွင်း အိမ်ကွင်း၌ ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ဖီနာဘာချီအသင်းမှ ကိုဗင်ထရီအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသော လူငယ်တိုက်စစ်ကစားသမား ဆီဒီကီ ရှိရီးဖ်သည် အသင်းအတွက် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိသည့် ပွဲစဉ်တွင် ဂိုးသွင်းယူပြီး မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့သည်။ ၎င်းသည် ၂၀၀၀ ပြည့်နှစ် ဖေဖော်ဝါရီလက ရော်ဘီကိန်းနောက်ပိုင်း အသက် ၁၉ နှစ်နှင့် ၃၀၁ ရက်ဖြင့် ကိုဗင်ထရီအသင်း၏ အသက်အငယ်ဆုံး ပရီမီယာလိဂ် ဂိုးသွင်းသူအဖြစ် မှတ်တမ်းသစ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။

နယူးကာဆယ် အသင်းသည် ပွဲချိန်အများစု ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ခံစစ်ပိုင်းအမှားအယွင်းများကြောင့် သွင်းဂိုးများ ဆက်တိုက်ခွင့်ပေးခဲ့ရပြီး ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။

ကိုဗင်ထရီ အသင်းသည် ယခုပွဲစဉ်တွင် ယခုနှစ်ရာသီ၏ ဒုတိယမြောက် နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့ပြီး ရမှတ် ၆ မှတ်နှင့်အတူ တန်းဆင့်ဇုန် အထက်တွင် သုံးမှတ်အသာဖြင့် ရပ်တည်နိုင်ခဲ့သည်။

**အောင်ဇော်**

---

✤ *ကျောဖုံးမှ*

ကွင်းလယ်လူ မီယာမိုတို သည် အထက်တန်းကျောင်းဘောလုံးပြိုင်ပွဲများတွင် ခြေစွမ်းပြကစားနိုင်ခဲ့ပြီး တိုယိုတက္ကသိုလ်အသင်းမှတစ်ဆင့် ဂျပန်ထိပ်တန်း WE League ကလပ် Albirex Niigata အသင်းတွင် ပရော်ဖက်ရှင်နယ်အဖြစ် ပါဝင်ကစားခဲ့သူ ဖြစ်သည်။

ထို့ပြင် အသက် ၂၇ နှစ် အမြင့် ၅ ပေ ၇ လက်မရှိသူ နောက်တန်းကစားသမား ခူရှူမီ အီဝါရှိတ သည် WE League ပြိုင်ပွဲဝင် AC Nagano Parceiro အသင်းတွင် ၂၀၂၂ မှ ၂၀၂၅ ခုနှစ်အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်တွင် ထိုင်းကလပ် BGC-CAS အသင်းနှင့်အတူ အာရှချန်ပီယံလိဂ် ခြေစစ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံရှိ ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦးဖြစ်သည်။

ရောဝတီအက်ဖ်စီ အမျိုးသမီးအသင်းသည် မြန်မာအမျိုးသမီးလိဂ် ပထမအကြော့နှင့် အာရှချန်ပီယံလိဂ်ခြေစစ်ပွဲများ အပြီးတွင် နိုင်ငံခြားသားကစားသမားအချို့နှင့် လက်ရွေးစင်တိုက်စစ်မှူး မေထက်လှူတို့ စာချုပ်သက်တမ်းကုန်ဆုံးသွားခဲ့သဖြင့် ကစားသမားသစ်များဖြင့် ပြန်လည်အားဖြည့်နေခြင်းဖြစ်သည်။

**နေမျိုး ဓာတ်ပုံ-AUFC**

---

✾ *ကျောဖုံးမှ*

ထို့ပြင် ခြေစစ်ပွဲများမှတစ်ဆင့် အုပ်စုပထမနေရာရရှိကာ နောက်ဆုံးအဆင့်သို့တက်လှမ်းလာနိုင်ခဲ့သည့် အုပ်စု (A) မှ တောင်ကိုရီးယား၊ အုပ်စု (B) မှ အင်ဒိုနီးရှား၊ အုပ်စု (C) မှ တရုတ်-တိုင်ပေ၊ အုပ်စု (D) မှ ဗီယက်နမ်၊ အုပ်စု (E) မှ အိန္ဒိယ၊ အုပ်စု (F) မှ ထိုင်း၊ အုပ်စု (G) မှ မြန်မာနှင့် အုပ်စု (H) မှ ဖိလစ်ပိုင်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

AFC U17 Women's Asian Cup China 2027 နောက်ဆုံးအဆင့်ပြိုင်ပွဲများကို ၂၀၂၇ ခုနှစ် မတ် ၃၁ ရက်မှ ဧပြီ ၁၇ ရက်အထိ တရုတ်နိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ **နေမျိုး၊ ဓာတ်ပုံ-MFF**



မြန်မာယူ-၁၇ နှင့် တရုတ်-ဟောင်ကောင် ယူ-၁၇ အသင်း ခြေစစ်ပွဲ ယှဉ်ပြိုင်စဉ်။

---




# MFF U-19 လူငယ်လိဂ်ပြိုင်ပွဲ ဂိုးသွင်းအများဆုံး ကစားသမားငါးဦး

**ရန်ကုန် အောက်တိုဘာ ၁၃**

MFF U-19 Youth Futsal League 2026 ပြိုင်ပွဲ အပတ်စဉ် (၁၄) ပွဲစဉ်များအပြီးတွင် Pacific Sun Far အသင်း တိုက်စစ်မှူး Haemar Htay က သွင်းဂိုး ၂၇ ဂိုးဖြင့် ဂိုးသွင်းအများဆုံးစာရင်း၏ ထိပ်ဆုံးနေရာ၌ ရပ်တည်လျက်ရှိသည်။

ထို့ပြင် YCDC Dream Team အသင်းမှ နိုင်လင်းထွန်းက သွင်းဂိုး ၂၃ ဂိုးဖြင့် ဒုတိယ နေရာ၌ရပ်တည်နေပြီး Pacific Sun Far FC အသင်းမှ အောင်ချမ်းမြေ့က သွင်းဂိုး ၂၀ ဖြင့် တတိယ၊ YRG FC အသင်းမှ အောင်စီထက်က သွင်းဂိုး ၁၉ ဂိုးဖြင့် အဆင့်(၄)နေရာနှင့် YCDC Dream Team အသင်းမှ မျိုးဂျက်က သွင်းဂိုး ၁၈ ဂိုးဖြင့် အဆင့်(၅)နေရာတွင် အသီးသီး ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

# ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါအဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ငါးထပ်အဆောက်အအုံတစ်လုံးအား ဆက်လက်ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ ၉၂ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ငါးထပ်အဆောက်အအုံတစ်လုံးအား ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၃၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းနှင့် ခြောက်ထပ်အဆောက်အအုံတစ်လုံးအားလည်း ယမ်းပြင်ယမ်းကပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံလေးလုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး ဖြိုချဖျက်ဆီးရန်ကျန်ရှိသည့် အဆောက်အအုံများကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု (ONLINE SCAM) များ ပပျောက်စေရေးအတွက် နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာ အပြီးတိုင်လုံးဝပပျောက်သွားစေရေး အထူးအလေးထားနှိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးမှုပြမြေပုံ။








ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင် ငါးထပ်အဆောက်အအုံအား မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု။





ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် ခြောက်ထပ်အဆောက်အအုံအား စနစ်တကျဖြိုချဖျက်ဆီးရန် ယမ်းကြိုးဆွဲခြင်း ဆောင်ရွက်မှု။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Mi Pauk" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကိုင်းကြီးကျေးရွာနေ အခြေခံပညာမူလတန်းကျောင်း(ရှားစီးဘိုကျေးရွာ)မှ လက်ထောက်မူလတန်းပြဆရာမ နှင်းဝတ်ရည်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် အုတ်ဖိုမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နောင်ချိုမြို့၌ ငွေကျပ် ၂၂၂ သိန်းတန်ဖိုး၊ ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၄၀ တန်ဖိုး၊ တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

နောင်ချိုမြို့၌ ငွေကျပ် ၂၂၂ သိန်းတန်ဖိုး၊ ကျိုင်းတုံမြို့နယ်၌ ငွေကျပ်သိန်း ၄၀ တန်ဖိုး၊ တာချီလိတ်မြို့နယ်၌ ငွေကျပ် ၂၄ သိန်းတန်ဖိုးရှိ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိပြီး ဖမ်းဆီးရမိတရားခံများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ နောင်ချိုမြို့ ပါဟတ်ရပ်ကွက်အနီးတွင် သီပေါမြို့နယ် ဆောင်ကြဲရွာနေသူများဖြစ်သည့် မျိုးမြင့်(၄၃)နှစ် မောင်းနှင်ပြီး နီလာဝင်း (၄၂)နှစ် လိုက်ပါလာသော HONDA CLICK



တရားခံ မျိုးမြင့်နှင့် နီလာဝင်းတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်းသို့ဝှက်၍ ၎င်းတို့နှစ်ဦးသယ်ဆောင်လာသည့် ဘိန်းဖြူ ၁၁၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၂ သိန်း)နှင့် စိတ်ကြွဆေးပြား ၄၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၀၀) တို့ကို ဖမ်းဆီးရမိသဖြင့် မျိုးမြင့်နှင့် မနီလာဝင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည်သတင်းအရ ကျိုင်းတုံမြို့နယ် ယန်းကျောက်ရွာအနီး ယန်းကျောက်ရွာနှင့် ကောင်းကျန့်ရွာသွားလမ်းတွင် လမ်းလျှောက်လာသူ ကျိုင်းတုံမြို့နယ် ကောင်းကျန့်ရွာနေ ပေါလု(၂၈)နှစ်အား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၄၀)အား ဖမ်းဆီးရမိသဖြင့် ပေါလုအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ အောက်တိုဘာ ၁၂ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့နယ် ဟိုနား(မဟင်လုံ)ရွာနေ မမီဖာ(၄၇)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွဆေးပြား ၄၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂၄ သိန်း)ဖမ်းဆီးရမိသဖြင့် မမီဖာအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



## ပေါင်မြို့နယ် အထက(အလှပ်)၌ မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

**ပေါင် အောက်တိုဘာ ၁၃**

မွန်ပြည်နယ် ပေါင်မြို့နယ် အထက(အလှပ်)၌ မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ပြုလုပ်ရာ အထက(အလှပ်)မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၃၀၀ အား မြို့နယ်ဥပဒေအရာရှိ ဦးမျိုးထက်ကျော်နှင့် တာဝန်ရှိသူများက ကလေးအလုပ်သမားပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း၊ အယ်လ်နီညိုကြောင့်ဖြစ်တတ်သော ကျန်းမာရေး၊ စာဖတ်ခြင်းအကျိုးကျေးဇူးများ စသည့်ခေါင်းစဉ်များဖြင့် အသိပညာပေးဟောပြောပြီး သက်ဆိုင်ရာဌာနအလိုက် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ဘားအံမြို့၌ သာသနာ့နွယ်ဝင်များအား UID ကတ်များ ဆောင်ရွက်ပေး

**ဘားအံ အောက်တိုဘာ ၁၃**

ဘားအံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန



မြို့နယ်ဦးစီးမှူးရုံးမှ သာသနာ့နွယ်ဝင် ရဟန်းသံဃာ၊ ရှင်သာမဏေတို့ကို UIDကတ် ဆောင်ရွက်ပေးခြင်းနှင့် ထုတ်ပေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက အမှတ်(၉)ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စိစစ်ဆောင်ရွက်ပေးပြီး UID ကတ်များကို ခရိုင်ဦးစီးမှူး ဦးဝင်းကိုစိုးနှင့် မြို့နယ်ဦးစီးမှူးတို့က ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



တနသ်ာရီမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျောက်ဆုံး၊ ပျက်စီးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်ထုတ်ပေးခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး ဦးစီးမှူး ဦးကျော်မင်းသူနှင့် ဝန်ထမ်းများက အောက်တိုဘာ ၁၂ ရက်တွင် ချောင်းငယ်ရပ်ကွက်ရှိ မြသီတာဘုန်းတော်ကြီးကျောင်း၌ ဆောင်ရွက်ပေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## လပွတ္တာမြို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကွင်းဆင်းစစ်ဆေး

**လပွတ္တာ အောက်တိုဘာ ၁၃**

လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လပွတ္တာမြို့နယ် ဇင်ရွဲကြီးကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေး



ခဲ့ကြသည်။

ထိုသို့ကွင်းဆင်း စစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုးနှင့် ဝန်ထမ်းများက စီမံကိန်းချေးငွေဖြင့် အသင်းသားများ၏ လုပ်ငန်း ဆောင်ရွက်နေမှုများကို စစ်ဆေးသည်။ ဇင်ရွဲကြီးကျေးရွာ မြစိမ်းရောင်စီမံကိန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စတင်ခဲ့ကာ ယခုအခါ အသင်းသား ၂၁၉ ဦးသို့ ငွေကျပ် ၄၃ ဒသမ ၀၈ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## မိတ္ထီလာမြို့နယ်၌ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းမှ လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မိတ္ထီလာမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းမှ လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း(မိတ္ထီလာ)၌ ကျင်းပသည်။

ပေးအပ်ပွဲတွင် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ် ဒေါ်ဖြူဖြူမြင့်က လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်နှင့် တာဝန်ရှိသူများက လုပ်ငန်းထူထောင်သူများအား လုပ်ငန်းသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ခဲ့သည်။ ထို့နောက် ကျောင်းအုပ်က သင်တန်းဆင်းလက်မှတ်များကို သင်တန်းသားသင်တန်းသူများအား ပေးအပ်ခဲ့သည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ချောင်းဆုံမြို့နယ်၌ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ချောင်းဆုံ အောက်တိုဘာ ၁၃**

ချောင်းဆုံမြို့နယ်ရှိ ကျောင်းသားကျောင်းသူများအနေဖြင့် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်လာမည့် အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ယမန်နေ့က သင်္ကေ(အထက)ကျောင်း ခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက အယ်လ်နီညို ရာသီဥတု၏ လက္ခဏာများ၊ အပူဒဏ်အန္တရာယ် ကြိုတင်ကာကွယ်ရေး နည်းလမ်းများ၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ အပူဒဏ်နှင့် ဝမ်းပျက်ဝမ်းလျှော အန္တရာယ်၊ မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာများ စသည်ဖြင့် ဟောပြောခဲ့သည်။



ကိုကျော်(ချောင်းဆုံ)

## တိုက်ကြီးမြို့နယ်၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**တိုက်ကြီး အောက်တိုဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေများဖြင့် ကျေးလက်လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)နှင့် တာဝန်ရှိ



သူများက တိုက်ကြီးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းများ အရည်အသွေးပြည့်မီစေရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဝတ်ရည်(ပြန်/ဆက်)



နေပြည်တော်မြို့နယ်တွင် မီးဘေးအန္တရာယ်မဖြစ်ပွားစေရေး မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား အောက်တိုဘာ ၁၂ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စစ်ဆေးစဉ်။

အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)

## မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**မိုင်းခတ် အောက်တိုဘာ ၁၃**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မိုင်းခတ်မြို့နယ် မိုင်းဟန်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်နှင့် ကျိုင်းတုံခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန



လက်ထောက် ညွှန်ကြားရေးမှူး ဦးအောင်ဇော်လေးတို့က မီးခိုးမြူငွေ့ညစ်ညမ်းရသည့်အကြောင်းရင်းများ၊ မီးခိုးမြူငွေ့လျှော့ချရေး နည်းလမ်းများနှင့် ကာကွယ်ရေး နည်းလမ်းများအကြောင်း စသည့် မီးခိုးမြူငွေ့နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောကြသည်။

ထို့နောက် တာဝန်ရှိသူများက မီးခိုးမြူငွေ့ လျှော့ချရေးနှင့် မီးမရှို့စေရေး အသိပညာပေးဗီနိုင်းပိုစတာနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု အန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များကို ကျေးရွာပြည်သူများထံ ဖြန့်ဝေခဲ့သည်။

နန်းနွယ်နီ(ပြန်/ဆက်)



ကျိုက်လတ်မြို့နယ် မြို့မဈေးကြီး၌ အောက်တိုဘာ ၁၁ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တပ်ဖွဲ့ဝင်များ မီးလောင်မှုမဖြစ်စေရေးအတွက် မီးဘေးသရုပ်ပြခြင်း လေ့ကျင့်မှုဆောင်ရွက်စဉ်။ လှိုင်မင်းအောင်(ပြန်/ဆက်)

## လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်းဖွင့်

**မြစ်သား အောက်တိုဘာ ၁၃**

မြစ်သားမြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု



(အခြေခံ)သင်တန်းကို အမှတ်(၆၄) စက်မှုလယ်ယာစခန်းသင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ဖွင့်လှစ်ပေးရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် တာဝန်ရှိသူများက သင်တန်းဖွင့်လှစ်ရခြင်း အကျိုးကျေးဇူးနှင့် ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ သင်တန်းတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ သင်တန်းနည်းပြဆရာများက သင်တန်းသား ၃၀ အား အောက်တိုဘာ ၁၃ ရက်မှ ၂၄ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်သည်။

ဝါဝါမြင့်(မြစ်သား)

## ကော့သောင်းမြို့၌ သာသနာ့နွယ်ဝင်များအား UID ကတ်များ ဆောင်ရွက်ပေး

**ကော့သောင်း အောက်တိုဘာ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကော့သောင်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက သာသနာ့



နွယ်ဝင်များအား UID ကတ်များ ဆောင်ရွက်ပေးခြင်းကို အောက်တိုဘာ ၁၁ ရက်က ကော့သောင်းမြို့ ရွှေမင်းဝံပုညကုသလကျောင်း၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးချမ်းမြေ့ဇေဦးနှင့် ဝန်ထမ်းများက မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ပြည်တော်အေး ဩဝါဒါစရိယဆရာတော်ကြီးများ၊ မူလဒွါရဂိုဏ်းဥက္ကဋ္ဌ ဆရာတော်နှင့် ရဟန်း ၄၅ ပါး၊ သာမဏေ ငါးပါး၊ သီလရှင် ကိုးပါး စုစုပေါင်း ၅၉ ပါးတို့အား ဇီဝဆိုင်ရာအချက်အလက် ကောက်ယူ၍ UID ကတ်များ ဆောင်ရွက်ပေးခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး UID ကတ်များ ဆက်ကပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပန်းတနော်မြို့နယ်၌ ဆီထွက်သီးနှံမျိုးစေ့နှင့် ယူရီးယား ဓာတ်မြေဩဇာ ပေးအပ်

**ပန်းတနော် အောက်တိုဘာ ၁၃**

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၂၀၂၆-၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ (နေကြာ၊ ပဲပုပ်) မျိုးစေ့ပေးအပ်ပွဲနှင့် ယူရီးယား ဓာတ်မြေဩဇာ(MPE) ဖြန့်ဖြူးပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဇော်လင်းက



မြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ စီမံကိန်းကေများအပေါ် တောင်သူများအနေဖြင့် သတ်မှတ်အချိန်ကာလအတွင်း ပြည့်မီစွာ စိုက်ပျိုးကြရန် အသိပညာပေး ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ဒေသခံ တောင်သူများထံသို့ ဆီထွက်သီးနှံ မျိုးစေ့များနှင့် သွင်းအားစုများကို ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မြင်းခြံမြို့၌ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုသင်တန်းဖွင့်

**မြင်းခြံ အောက်တိုဘာ ၁၃**

မြင်းခြံမြို့၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ အခြေခံအိမ်တွင်း လျှပ်စစ်သွယ်တန်းမှုနည်းပညာသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်ရာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၂၀ အား စာတွေ့လက်တွေ့



သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

## တာလေမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

**တာလေ အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့က စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသော ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပရာ စာအုပ်



စာစောင် ချစ်မြတ်နိုးသူများအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စာရေးဆရာ နန္ဒာသိန်းဇံ ရေးသားသော ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း စာအုပ်မှ ဝိုးတဝါးလမ်းနှင့် အတွေးအမြင် အလင်းရောင်၊ တွေဝေခြင်းကို ကျော်ခိုင်းခြင်း၊ ဘဝခရီးသည် တွေဆီက အသံအစရှိသည့် ခေါင်းစဉ်များမှ အကြောင်းအရာများကို ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော စာပေဝါသနာရှင်များက စာအုပ်ပါ အကြောင်းအရာများကို ဝင်ရောက်ဖတ်ရှု ဆွေးနွေးခဲ့ကြသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## ဓနုဖြူမြို့နယ်၌ သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါ ကာကွယ်ဆေး(အခမဲ့) ထိုးနှံခြင်း စတင်

**ဓနုဖြူ အောက်တိုဘာ ၁၃**

ဓနုဖြူမြို့နယ်တွင် သုံးနှစ်ဆက်တိုက် ခွေးရူးရောဂါကာကွယ်ဆေး(အခမဲ့) ကွက်ပြည့်ထိုးနှံခြင်းအစီအစဉ်(ပထမနှစ်)ကို ယမန်နေ့က အလမျိုးကျေးရွာရှိ ရွာလယ်ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့် တာဝန်ရှိသူများက ခွေးရူးရောဂါလက္ခဏာများ၊ ကူးစက်ပျံ့နှံ့ပုံနှင့် ကြိုတင်ကာကွယ်နိုင်သည့်နည်းလမ်းများကို အသိပညာပေးဟောပြောပြီး ကျေးရွာ



အုပ်စုအတွင်းရှိ ခွေးကောင်ရေ ၃၀၀ ကို ခွေးရူးရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့သည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဆောင်ရွက်

**ချောင်းဆုံ အောက်တိုဘာ ၁၃**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးခြင်း၊ ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေးနှင့် နံရံကပ်စာစောင်များ ပြသခြင်းကို ယမန်နေ့က သင်္ကော(အထက) ကျောင်းခန်းမ၌ ကျင်းပရာ တာဝန်ခံကျောင်းအုပ် ဆရာမ



ကြီးနှင့် တာဝန်ရှိသူများက စာဖတ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပြီး စာကြည့်တိုက် လက်ထောက်(၃) ဒေါ်အိအိထွေးက ကလေးအလုပ်သမား လျှော့နည်း ပပျောက်ရေးနှင့် ပတ်သက်၍ ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။

**ကိုကျော်(ချောင်းဆုံ)**



ရွှေဘိုမြို့၌ ရွှေဘိုမြို့လုံးဆိုင်ရာ ရတနတ္တယပရိစာရက ဆွမ်းလောင်းအသင်းကြီးက ကြီးမှူး၍ နှစ်စဉ်ဝါတွင်း၊ ဝါပ ဘုရားစဉ် ဆွမ်းလောင်းပွဲကျင်းပလျက်ရှိရာ အောက်တိုဘာ ၁၁ ရက်က ရှေးဟောင်းသမိုင်းဝင် မော်ဓောမြင်သာ မြို့ထောင့်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓပူဇနိယ ဆွမ်းလောင်းပွဲ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



သထုံမြို့နယ် ကြက်တူရွေးသောင်လမ်းခွဲမှ ဝါးခုတ်တောကျေးရွာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၄၀၆ ဒသမ ၃၆၀ ဖြင့် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၀ ရက်က လုပ်ငန်း ၅၀ ရာခိုင်နှုန်းပြီးစီးမှုကို သထုံခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး ဒုတိယညွှန်ကြားရေးမှူး ဦးဘိုဘိုကျော် ကွင်းဆင်းစစ်ဆေးစဉ်။ ဇော်ဘီ



ဒိုက်ဦးမြို့နယ်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် အပူဒဏ်ကို သတိပြုကာကွယ်ရန် အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အောက်တိုဘာ ၁၀ ရက်က မြို့မဈေးကြီးအရှေ့၌ ဆောင်ရွက်စဉ်။ စိုးထက်ကျော်(ပြန်/ဆက်)



ပုသိမ်ကြီးမြို့နယ်အတွင်းရှိ LPG Gas အရောင်းဆိုင်များကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမင်းသန့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၁၂ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ရွှေရန်ကင်း



မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် မီးလောင်မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် အောက်တိုဘာ ၁၂ ရက်က သင်ပန်းကုန်းရပ်ကွက်အတွင်း၌ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးနှင့် တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေး သရုပ်ပြဆောင်ရွက်စဉ်။

ဇင်မင်းမောင်(ပြန်/ဆက်)

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**

**အင်ဂျင်နီယာသင်တန်းသားများ**

**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် **၁၈ နှစ်**အောက်မငယ်ရ၊ **၂၂ နှစ်**ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် **၅ ပေ၊ ၃ လက်မ**နှင့်ကိုယ်အလေးချိန်**ပေါင် ၁၀၀** ထက်မနည်းရ၊ **ပေါင် ၁၄၀** ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား **သိပ္ပံဘာသာတွဲ**၊ သို့မဟုတ် **ဝိပ္ပံဘာသာတွဲ**ဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင်ဖြစ်စေ၊ တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင်ဖြစ်စေ အခမဲ့ရယူပြီး **၁၁-၁၀-၂၀၁၆** ရက်နေ့မှ စတင်၍ **၈-၁-၂၀၁၇** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့မှ ၆ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်**ဖြစ်သည်။

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုနှင့် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့တို့တွင် **ပညာသည်အကြပ်ကြီး**အဖြစ် ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(male))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ)
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

**တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများအလိုရှိသည်**

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( င ) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။ (မျက်မှန်တပ်ဆင်ထားသူများလည်း လျှောက်ထားနိုင်သည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာ တပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/nurse(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၄-၁၀-၂၀၂၆ ရက်နေ့မှစ၍ ၃၀-၁၁-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာ တပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်း ရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၉-၁၂-၂၀၂၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ **(မေးခွန်းနမူနာပုံစံများအား Myawady Webportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)**

၄။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၁၆-၁၂-၂၀၂၆ ရက်နေ့မှ ၂၃-၁၂-၂၀၂၆ ရက်နေ့အတွင်း တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက် ဆိုင်ရာ ဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာ)
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့ (Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ)(ဒုတိယတန်း)အဖြစ် စတင်ခန့်အပ်ပေးမည်။

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(၁)

## ထားဝယ်ခရိုင်တရားရုံးတော်၌

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

| | | |
|---|---|---|
| ဦးမျိုးမြင့် | နှင့် | ၁။ ဒေါ်ခင်နွဲ့ |
| | | ၂။ ဒေါ်အုန်းမြင့် |
| | | ၃။ ဦးစံသိန်း |
| | | ၄။ ဒေါ်သီသီချို |
| | | ၅။ ဒေါ်ခင်ခင်ချို |
| | | ၆။ ကိုခင်မောင်ထွေး |
| | | ၇။ မဝင်းဝင်းထွေး |
| | | ၈။ မောင်ဖြိုးအောင်ဝင်း |
| | | ၉။ မယဉ်ယဉ်ဌေး |
| | | ၁၀။ မဇာနီဝင်း |
| | | ၁၁။ မအိအိမွန် |
| | | ၁၂။ မစိုးစိုးမွန် |
| | | ၁၃။ ဒေါ်အေးလွင် |
| (တရားလို) | | (တရားပြိုင်များ) |

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ပုံကျွန်းရပ်၊ ဗဟိုလမ်းသွယ်၊ အမှတ်(၈၅၃)နေ အမှတ်(၅) တရားပြိုင် ဒေါ်ခင်ခင်ချို(ယခုနေရပ်လိပ်စာမသိ) နှင့် အမှတ်(၁၀)တရားပြိုင် မဇာနီဝင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမျိုးမြင့်က အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ် စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၂၂) ရက် (၁၃၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း (၁၁)ရက် မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ( ၈ )ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရွှေမလေး)
တွဲဖက်ခရိုင်တရားသူကြီး (၂)
ထားဝယ်ခရိုင်တရားရုံး

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ မိုင်းရှူးမြို့၊ ခရိုင်ပညာရေးမှူးရုံးမှ ဦးနေလင်းအောင်(ခ)ဦးတင်ဝင်းရွှေ ၁၄/မမက(နိုင်)၀၀၄၆၉၁ နှင့် ဦးနေလင်းအောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၄-၃-၁၉၆၇ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လှိုင်လင်မြို့၊ အမှတ်(၄) ရပ်ကွက်၊ ပင်လုံလမ်းနေ နန်းမျိုးမြင့်မြတ် ၁၃/လလန(နိုင်)၁၁၃၉၅၅ ၏ အမည်မှန်မှာ မမျိုးမြင့်မြတ် ဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၂၂-၁-၂၀၀၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

လှိုင်လင်မြို့၊ အထက(၁)မှ အလယ်တန်းပြ ဆရာမ နန်းသန်းသန်းအေး (ခ)မသန်းသန်းအေး ၁၃/လလန(နိုင်)၀၀၃၇၂၃ ၏ ဖခင် ဦးလုံးအိန္တ (ခ) ဦးလုံးအိန္တာ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

လှိုင်ကော်မြို့၊ မိုင်းလုံးရပ်ကွက်နေ ဦးအုန်းခိုင်၏သမီး ဒေါ်မြရွှေ၏ အမည်မှန်မှာ ဒေါ်မြဆွေ ၂/လကန(နိုင်)၀၁၇၀၇၃ နှင့် မွေးသက္ကရာဇ်မှာ ၇-၄-၁၉၆၈ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၈၁၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက် ဒေါ်သန်းသန်းဌေး ၉/ကပတ(နိုင်)၀၃၁၉၃၇ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးအောင်မိုးသန်း(ဘ)ဦးပေါ်အောင် ၅/မရန(နိုင်)၂၆၁၅၀၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကော့ကရိတ်မြို့နယ်၊ ကျုံဒိုးမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၈၃)၊ ကျုံဒိုးမြောက်ကွင်း၊ ဦးပိုင်အမှတ် (၃၅၃)၊ မြေဧရိယာ(၀ဒသမ၀၅၀)ဧကနှင့်ဦးပိုင်အမှတ်(၃၇၈)၊ မြေဧရိယာ(၀ဒသမ၀၄၆)ဧကရှိ မြေနှင့် အဆောက်အအုံကို မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အမှတ်(၁၆၁)၊ တိုးချဲ့ကမ်းနားလမ်းနေ ဒေါ်ညိုညိုဝင်း (မြန်မာ့အရှေ့တိုင်းဘဏ်လီမိတက်) (ကိုယ်စား)မော်လမြိုင်ဘဏ်ခွဲမှ မြေငှားဂရန် အမည်ပြောင်း၊ သက်တမ်းတိုး၊ မြေငှားဂရန်လျှောက်ထားလာခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက မြေငှားဂရန်အားလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

ကော့ကရိတ်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၁၃

| | | |
|---|---|---|
| ၁။ ဒေါ်တင်သန္တာခိုင် | နှင့် | ဦးတင်အောင် |
| ၂။ ဦးတင်မင်း | | |
| ၃။ ဒေါ်ခင်မိမိ | | |
| (တရားလိုများ) | | (တရားပြိုင်) |

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၉)ရပ်ကွက် ၊ ဗိုလ်စောနောင်လမ်း၊ အမှတ် (၆၅၃) နေ ဦးတင်အောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌တရားလိုက "ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း ၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပ ပြောဆိုနိုင်သူတစ်ဦး တစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ (၂၂)ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရား လိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုပါလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝေနှင်းသူ)
မြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တရားရုံး

## မွေးသက္ကရာဇ်အမှန်

ရန် ကု န် တိုင်း ဒေ သ ကြီး၊ လှိုင်မြို့နယ်၊ တိုက်-C-401၊ အမှတ် (၈) သစ်စက်ဝန်ထမ်းအိမ်ရာနေ (ဘ)ဦးကျော်မြင့် ၏သမီး ဒေါ်နီနီဝင်း ၁၂/လမန(နိုင်)၀၃၂၆၉၁ ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၁-၇-၁၉၇၃) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေဖြူမြို့၊ (၈)ရပ်ကွက်၊ အလက (၁) ရေဖြူကျောင်း Grade(5) မှ မောင်သန့်ဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၆/ရဖန(နိုင်)၀၀၀၇၀၂ ဖြစ်ပါကြောင်း။

ဦးယဉ်ထွေး

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမည်-(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ်(၁၅၇)၊ ဧရိယာ (၀ဒသမ၀၅၅)ဧက အကျယ်ရှိမြေအား မြေငှားဂရန်အမည်ပြောင်းလျှောက်ထားနိုင်ရေး ဦးမြင့်လွင် (၇/သဝတ(နိုင်)၀၀၇၉၆၃) မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၆၁၀၊ ဧရိယာ -၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် ၆၁၀၊ ဝရဇာ (၅) လမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးခင်မောင်ဝင်း (၁၂/ရကန(နိုင်)၀၁၇၆၃၄)၊ ဒေါ်ဌေးဌေး (၁၂/ရကန(နိုင်)၀၁၈၂၂၂)၊ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား အမည်ပေါက် ဦးခင်မောင်ဝင်း၊ ဒေါ်ဌေးဌေးတို့အား တရားပြိုင်ထား၍ တရားလို ဦးမော်နီအာမက်(ခ)ရဲနိုင်မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုသော တောင်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၇/၂၀၂၄ ၏ စီရင်ချက်၊ တရားမဇာရီ မှုအမှတ်-၃၉/၂၀၂၄ ၏ အမိန့်တို့အရ တရားရှုံးကိုယ်စား ဘီလစ် ဒေါ်နန့်ဆန်းသိန်း (၁၂/မရက(နိုင်)၀၄၇၆၁၆)မှ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ (၂-၇-၂၀၂၄)ရက်စွဲပါ ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်၊ ကတ်၊ ဝန်ဆောင်ခတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်

မုံရွာမြို့၊ ရန်ကင်းရပ်နေ ဦးစန်းမောင် (ဘ)ဦးဘိုသောင်း(၅/မရန(နိုင်) ၁၆၂၇၇၄)၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေရန် ကြေညာလိုက်သည်။

မုံရွာမြို့၊ အလယ်ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အကွက်/ကွင်း-(၁၈)၊ ဦးပိုင်(၇၀)၊ ဧရိယာ(၀၉၇)ကေ၊ အကျယ်အဝန်းရှိ အရှေ့လားသော်- ဓမ္မာရုံလမ်း၊ အနောက်လားသော်-လမ်း၊ တောင်လားသော်-ဦးသိန်းမြင့်၊ မြောက်လားသော်- ဒေါ်လင်းနေအိမ်ဝင်းမြေ နယ်လေးရပ်အတွင်းရှိ ဝင်းမြေကွက်မှာ ဦးဝင်းမောင်နှင့် ဒေါ်ခင်မြိုင်တို့၏ အမည်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့၏ သားသမီးများဖြစ်သော ဒေါ်တင်မြင့်နှင့် ဦးတင်မောင်အေးတို့မောင်နှမ (၂) ဦး အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။ ယခုအခါ ဦးတင်မောင်အေးသည်လည်းကောင်း၊ ဒေါ်တင်မြင့်သည်လည်းကောင်း အပျိုကြီး၊ လူပျိုကြီးဘဝများဖြင့် ကွယ်လွန်ကြပြီးဖြစ်သည်။ သို့ဖြစ်၍အထက်ဖော်ပြပါ ဝင်းမြေနှင့်ဝင်းမြေပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်ကို တူဝမ်းကွဲတော်စပ်သူ ဦးစန်းမောင်က မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပြီး တရားဝင်လက်ရှိထား အကျိုးခံစားလျက်ရှိသည်။ ထိုဝင်းမြေနှင့် ပတ်သက်၍ အမွေဆက်ခွင့်အရ ဆိုင်ရေးဆိုင်ခွင့်ရှိသူ၊ သက်ဆိုင်သူဖြစ်ပါက စာရွက်စာတမ်း၊ မှတ်တမ်းအထောက်အထား အပြည့်အစုံနှင့်တကွ ကျွန်ုပ်၏ ရှေ့နေများထံသို့ သတင်းစာကြေညာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာလိုက်သည်။ အထောက်အထား မှတ်တမ်းမှတ်ရာ ခိုင်လုံမှုမရှိဘဲ နှောင့်ယှက်ဟန့်တားလိုသည့်သဘောဖြင့် အကြောင်းမဲ့ကန့်ကွက်ခြင်းဖြစ်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်သည်။

| (လွှဲအပ်ညွှန်ကြားသူ) | (လွှဲအပ်ညွှန်ကြားခြင်းခံရသူများ) | |
|---|---|---|
| ဦးစန်းမောင် | အေးအေးဆွေ | ဌေးဌေးစိန် |
| ၅/မရန(နိုင်)၁၆၂၇၇၄ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| | စဉ် - ၈၇၅၁/၁၃ | စဉ် - ၁၆၀၂၃/၁၉ |

ဗိုလ်ချုပ်လမ်း၊ အေးသာယာရပ်ကွက်၊ မုံရွာမြို့။

## မြန်မာနိုင်ငံကြက်ခြေနီအသင်း လူမှုအဖွဲ့အစည်းကိုယ်စားလှယ်များ ဖိတ်ခေါ်ခြင်း

မြန်မာနိုင်ငံကြက်ခြေနီအသင်းဥပဒေ(၂၀၁၅)အရ (၁၅) ကြိမ်မြောက် ကြက်ခြေနီညီလာခံကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပမည်ဖြစ်ပြီး ကြက်ခြေနီဗဟိုကောင်စီတွင် ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ် (၁၀) ဦးကို ကောင်စီဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းသွားမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသော ကြက်ခြေနီလှုပ်ရှားမှုနှင့် ဆက်စပ်သည့် တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ ဖွဲ့စည်းထားသော လူမှုအသင်းအဖွဲ့များနှင့် အသင်းအဖွဲ့များ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေအရ မှတ်ပုံတင်ထားသည့် ပြည်ထောင်စုအဆင့် (ပြည်တွင်းအသင်းအဖွဲ့) တို့ အနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဗဟိုရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီရုံးအဖွဲ့၊ အီးမေးလ် yeminn@redcross.org.mm ဖုန်း -၀၉ ၄၂၁ ၁၀၉ ၆၇၆ သို့ (၁၃-၁၁-၂၀၂၄) ရက် နောက်ဆုံးထားကာ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း လျှောက်ထားနိုင်ပါသည်။

ဗဟိုရွေးချယ်တင်မြှောက်ရေးလုပ်ငန်းကော်မတီ

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/96068, Follow Me 125 ယာဉ်လက်ဝယ်ရှိသူ ဦးမိရယ် (၂/ဖရဆ(နိုင်)၀၀၃၈၄၀) က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ကယားပြည်နယ်ရုံး
(လွိုင်ကော်)

## အမည်ပြောင်း

(ဘ)ဦးကျော်မြင့်စိုး၏ သား မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ တက်နေလင်း ကိုယ်ပိုင် အထက်တန်းကျောင်း Grade – 3 မှ မောင်မင်းသွေးသစ်အား မောင်မင်းဘုန်းပြည့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်မင်းဘုန်းပြည့်

## ပြင်ဆင်ဖတ်ရှုပါရန်

၉-၁၀-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၈) ပါ ဒေါ်နန်းခင်မြင့် မှ အများသိစေရန် ကြေညာခြင်းတွင် ဦးပိုင်အမှတ်(၁၀၁-တ)အစား ဦးပိုင်အမှတ်(၁၀၁-က)ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးခရိုင်၊ လားရှိုးမြို့၊ မြေဂရန်အမှုတွဲအမှတ် ၃၄၉-V/၂၀၁၈-၁၉(A)၊အမှတ်(၇)၊သံလွင်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်-ကျိုက်ထီးရိုးကွက်သစ်၊ ဦးပိုင်အမှတ်(၁၆၃+၁၆၆)၊ မြေချိန်ဧရိယာ(၀.၁၆၀)ဧက၊ ဒေါ်သီတာဝင်းလှိုင် (ဘ) ဦးဝင်းလှိုင် (၁၂/ကမန(နိုင်)၀၅၄၀၉၂) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် စွဲကပ်တည်ရှိလျက်ရှိသောအရာများ အားလုံးတို့ကို လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၉)နေ ဦးစိန်ထွေး(၁၃/လရန(နိုင်)၁၃၁၀၄၉)သည် ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ကျွန်မဒေါ်အိအိဖြူ (၉/မကန(နိုင်)၁၇၃၁၄၁)က (၅-၁၀-၂၀၂၄) ရက်စွဲပါ "ရောင်းကြေးငွေတစ်စိတ် တစ်ပိုင်းပေးချေခြင်းနှင့်နှစ်ဦးသဘောတူ ခြံမြေကွက်အရောင်းအဝယ်ကတိစာချုပ်"ဖြင့် အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ တစ်စိတ်တစ်ပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်း၊ စာမှတ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်မဒေါ်အိအိဖြူဘက်မှ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ဂရန်အမည် ပြောင်းခြင်းကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အိအိဖြူ (၉/မကန(နိုင်)၁၇၃၁၄၁)
နယ်မြေ(၈)၊ ရပ်ကွက်(၁၂)၊လားရှိုးမြို့။ဖုန်း-၀၉-၆၉၀၇၅၆၆၆၁၊ ၀၉-၆၈၅၆၈၂၄၃၃

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ ကော့မှူးမြို့နယ်၊ မြို့မရပ်ကွက်၊ ကွင်းအမှတ်-၃၀၈ B/N၊ ကွင်းအမည်- ပတုတ်ချောင်၊ ဦးပိုင်လုပ်ကွက်အမှတ်-၁၀၁/၂ ဟုခေါ်တွင်သော အကျယ်(၃.၆၅)ဧကရှိ ဥယျာဉ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ဦးပန်တျာ(ခ)ဦးတင်မြင့် (ဘ) ဦးထွန်းလှိုင် (၁၂/ကမန(နိုင်)၀၀၃၈၇၀)မှ မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံ၍ ရောင်းချရန်ကမ်းလှမ်းသဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီရိဇော်ဝင်း(၁၂/စခန(နိုင်)၀၆၇၀၁၃)မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ အထောက်အထားမူရင်း များနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သီရိဇော်ဝင်း(၁၂/စခန(နိုင်)၀၆၇၀၁၃)၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီရိန်လင်း (LL.B)
အထက်တန်းရှေ့နေ (စဉ်-၅၅၃၂၄)
အမှတ်(၅၂၄/ခ)၊ ဇေယျ(၁၈)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၈၁၁၅၂၂၇၁

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ကုန်းဘောကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ် (N-၂၃၅)၊ ဧရိယာ(၁.၅၂)ဧကအကျယ်အဝန်းရှိ မြေထဲမှခွဲစိတ်၍ အကွက်အမှတ်(၃)၊ ဧရိယာ အရှေ့-အနောက်ပေ(၆၀)၊ တောင်ဘက်(၆၅)ပေ၊ မြောက်ဘက်(၅၅)ပေအကျယ်ရှိမြေကွက်နှင့်ပတ်သက်၍ မူလပိုင်ရှင် ဦးအောင်အောင်(၉/ပဥလ(နိုင်)၀၁၄၅၆၇)ထံမှ ဦးသိန်းဦး(၁၂/သကတ(နိုင်)၁၀၇၂၈၅)မှ ဝယ်ယူခဲ့ပြီး အဆိုပါမြေကွက်ကို ဦးသိန်းဦးမှ ဦးသူရဇော်နှင့် ဒေါ်သက်နွယ်ဇော်မင်းတို့ကို (၇-၈-၂၀၁၇)ရက်တွင် အပြီးအပိုင်လွှဲပြောင်းပေးထားပါသည်။ ဦးသူရဇော်နှင့် ဒေါ်သက်နွယ်ဇော်မင်းတို့မှတစ်ဆင့် ဦးအောင်တိုးအား ရောင်းချခဲ့ပြီး ဦးအောင်တိုးထံမှ ဒေါ်ယဉ်လဲ့လဲ့မိုးက ဝယ်ယူခဲ့ပါသည်။ ဒေါ်ယဉ်လဲ့လဲ့မိုးမှ အဆိုပါမြေကွက်ကို တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း လွှဲပြောင်းရောင်းချပိုင်ခွင့်အာဏာရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အထက်ပါမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ဦးလင်း(ဘ)ဦးစံရ(၅/မလန(နိုင်)၀၀၄၂၃၁)က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးလင်း(ဘ)ဦးစံရ (၅/မလန(နိုင်)၀၀၄၂၃၁)
ကုန်းဘောကျေးရွာ၊ ထုံးဘိုကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၄၀၁၆၂၆၂၅၃

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ်ပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၈၇/ဆားပေါက်ကုန်း)၊ ဦးပိုင်အမှတ် (၃၀-ခ)၊ ဧရိယာ(၀.၃၃)ဧကရှိ မြေနေရာသည် မြို့မြေ အမှုတွဲအမှတ် ၁၄၀ V ၄ား ၂၀၁၇-၂၀၁၈ အရ (၃-၁၀-၁၉၉၆) ရက်မှ (၂-၁၀-၂၀၂၄) ရက်အထိ မူလသက်တမ်းအတိုင်း ဦးမျိုးမြင့်အမည်ဖြင့် မြေငှားစာချုပ် အမည်ပြောင်းရရှိပြီး (၂-၁၀-၂၀၂၄)ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဦးမျိုးမြင့်မှ မြေငှားစာချုပ် စက်မှုစီးပွား (သက်တမ်းတိုး) လျှောက်ထားလာရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေး သင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၅-၁၀-၂၀၂၄) ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်း ချက်များနှင့်အညီ မြေငှား စာချုပ် စက်မှုစီးပွား (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ကော်လီတွော်အရာရှိ၊ မုံရွာခရိုင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (စ-၈ ၊ နန္ဒဝန်)၊ (စက်မှုဇုန်) ဦးပိုင်အမှတ် ၄၀-လမ်း(ဟ-၂၆)၊ ဧရိယာ(၀ဒသမ ၁၀၆)ဧကရှိမြေသည် မြို့မြေအမှုတွဲအမှတ် ၃၃၇ V ၄ား ၂၀၀၄-၂၀၀၅ အရ (၁၇-၇-၁၉၉၅) ရက် မှ (၁၆-၇-၂၀၂၅) ရက်ထိ မူလသက်တမ်းအတိုင်း ဒေါ်ဝင်းသက်အောင် အမည်ဖြင့် မြေငှားစာချုပ် အမည်ပြောင်းရရှိပြီး (၁၆-၇-၂၀၂၅) ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဒေါ်ဝင်းသက်အောင်မှ မြေငှားစာချုပ် စက်မှုစီးပွား (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခု လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၅ -၁၀-၂၀၂၄) ရက်မှစ၍ (၁၅)ရက် အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက် များနှင့်အညီ မြေငှားစာချုပ် စက်မှုစီးပွား (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ်ပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၈၇/ဆားပေါက်ကုန်း)၊ ဦးပိုင်အမှတ် (၃၀-ည)၊ ဧရိယာ(၀.၂၆)ဧကရှိမြေနေရာသည် မြို့မြေ အမှုတွဲအမှတ် ၁၄၁ V ၄ား ၂၀၁၇-၂၀၁၈ အရ (၃-၁၀-၁၉၉၆) ရက်မှ (၂-၁၀-၂၀၂၄) ရက်ထိ မူလသက်တမ်းအတိုင်း ဦးမျိုးမြင့်အမည်ဖြင့် မြေငှားစာချုပ်အမည်ပြောင်းရရှိပြီး (၂-၁၀-၂၀၂၄) ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် ဦးမျိုးမြင့်မှ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) လျှောက်ထားလာရာ ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် (၅-၁၀-၂၀၂၄) ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်စက်မှုစီးပွား (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကော်လီတွော်အရာရှိ
မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေး
ဦးစီးဌာန

## UE Export Import Company Limited

## (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်)

## (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)

## အမှတ်(၁၆၉/၁၇၁)၊ အခန်း (၂၀၁)၊ (၃)လွှာ၊ (၃၄)လမ်း အထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## အိတ်ဖွင့်လေလံကြော်ငြာအမှတ် (၁၇ /၂၀၂၆-၂၀၂၇)

## အိတ်ဖွင့်လေလံစနစ်ဖြင့်ရောင်းချခြင်း

၁။ UE Export Import Company Limited (ယူအီးအိပ်(စ်)ပို့(တ်)အင်(မ်)ပို့(တ်)ကုမ္ပဏီလီမိတက်) (တရားရုံးအမိန့်အရစာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ပိုင် မြေနှင့်အဆောက်အဦးကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့်အစီအစဉ်

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် နေ့ရက် - (၀၄ - ၁၁ -၂၀၂၆)

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့် အချိန် - နံနက် ၉:၀၀ နာရီ။

အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချမည့်နေရာ - အမှတ်(၁၆၉/၁၇၁)၊ အခန်း(၂၀၁)၊ (၃) လွှာ၊ ၃၄လမ်းအထက်၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ခ) အိတ်ဖွင့် လေလံဖြင့် ရောင်းချမည့် ပစ္စည်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**Auction 17**

(၁) မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျွဲနဖားကျေးရွာ၊ ဧရိယာ (၉.၉၁)ကေရှိ နှစ်(၆၀) ဂရန်မြေ နှင့် ယင်းမြေပေါ် ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊ လေလံကြမ်းခင်းဈေးငွေကျပ် (၁၁,၅၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းပေါင်းတစ်သိန်း တစ်သောင်း ငါးထောင်တိတိ)

မှတ်ချက် ။ ။ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ မြို့ရှင်ထံတွင်ရှိပါသည်။

**လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ**

၂။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)က စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ တင်ပြချက်အရ သိရှိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း၊ တစ်ခုခုပေါ်ပေါက်လာပါက အိတ်ဖွင့်လေလံကျင်းပရေးကော်မတီက တာဝန်ယူမည် မဟုတ်ပါ။ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည်ဖြစ်ကြောင်း လေလံဆွဲ ဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၃။ အိတ်ဖွင့်လေလံတင်သွင်းခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်တစ်စုံလျှင်ကျပ် (၁၀၀,၀၀၀/-)နှုန်းငွေသားဖြင့် သတင်းစာဦးပါလာသည့်နေ့မှစ၍ (၀၂ - ၁၁ -၂၀၂၆) နေ့ နောက်ဆုံးထား၍ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)အမှတ်(၁၆၉/၁၇၁)၊အခန်း(၂၀၁)၊(၃)လွှာ၊ ၃၄ လမ်း အထက်၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၄။ လေလံတင်ရောင်းချမည့်ပစ္စည်းများအတွက် အိတ်ဖွင့်လေလံတင်သွင်းလိုသူသည် သတ်မှတ်ထားသော လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ Auction 17 အတွက် သမာဓိအာမခံကြေးငွေ (Earnest Money)(ကျပ် ၂၀၀,၀၀၀,၀၀၀/-) (ကျပ်သိန်းနှစ်ထောင်)အား အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ UE Export Import Company Limited (တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)ထံသို့ (၀၂-၁၁-၂၀၂၆) နေ့ နောက်ဆုံးထား၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ ဒေါ်ချိုချိုမြင့်၏ KBZ Bank (Mandalay )(PGT)ရှိ ငွေစာရင်းအမှတ် (04351106000055901) သို့လည်းကောင်း၊ KBZ Bank (Yangon)(PSD) ရှိ ငွေစာရင်းအမှတ် (17351106000055901) သို့လည်းကောင်း၊ AYA (Bank) (0025-Mandalay-003)(Kywae Sae Kan)ရှိ ငွေစာရင်းအမှတ် (40037258120) သို့လည်းကောင်း ၊ UAB Bank (Mandalay) Pyigyitagon (Industry Zone) ရှိ ငွေစာရင်းအမှတ် (065070100004076) သို့လည်းကောင်း ပေးသွင်းနိုင်ပါသည်။

၅။ အိတ်ဖွင့်လေလံဖွင့်မည့် (၀၄-၁၁-၂၀၂၆) နေ့တွင် သမာဓိအာမခံကြေးငွေပေးသွင်းသူ ကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ သို့မဟုတ် တရားဝင်ကိုယ်စားလွှဲစာဖြင့်သော်လည်းကောင်း တက်ရောက်နိုင်သည်။

၆။ အိတ်ဖွင့်လေလံပစ်မည့်မြေများ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ၊ စာရင်းအချက်အလက်များအား (၀၂-၁၁ -၂၀၂၆) နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အမှတ်(၁၆၉/၁၇၁)၊ အခန်း (၂၀၁)၊ (၃)လွှာ၊ ၃၄ လမ်း အထက်၊ (၂) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် 09-758211119 တို့ကို ဆက်သွယ်ကြည့်ရှုနိုင်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ပါတယ်လီဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်။

ဖုန်း 09-940010077, 09-945770555, 09-758211119

**ဒေါ်ချိုချိုမြင့်**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**ဥက္ကဋ္ဌ**
**အိတ်ဖွင့်လေလံကျင်းပရေးကော်မတီ**
**UE Export Import Company Limited**
**(တရားရုံးအမိန့်အရ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)
### ဇေယျာသီရိခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၈

ဒေါ်စီစီဝင်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးအောင်မျိုးသိန်း) နှင့် ၁။ ဦးထင်ဝင်းအောင် ၂။ ဦးတင်စိုး ၃။ ဒေါ်ဝါဝါဆွေ

(တရားလို) (တရားပြိုင်များ)

(၁) ဇမ္ဗူသီရိမြို့၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက် (၄၃၃၉)၊ အခန်း (၀၅) နေသူ ဦးထင်ဝင်းအောင် (ဘ)ဦးဘရင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဇမ္ဗူသီရိမြို့၊ ဇေယျာသိဒ္ဓိရပ်ကွက်နေ ဒေါ်စီစီဝင်းက ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ခုနှစ်၊ သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ယမင်းသန့်)**
**ဒုတိယခရိုင်တရားသူကြီး**
**ဇေယျာသီရိခရိုင်တရားရုံး**

---

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

တန့်ယန်းမြို့၊ ရပ်ကွက်(၃)၊ အုပ်စု (၁၄)နေ မဆီကော်ကျင်း(ဘ) ဦး အားကိုက် ၁၃/တယန(နိုင်) ၀၆၄ ၇၉၉ ၏ ပတ်(စ်)ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၀၆၁၇၅၇**

---

### မိဘအမည်မှန်

ရေဖြူမြို့၊ (ဂ)ရပ်ကွက်၊ အလက(၁) ရေဖြူကျောင်း Grade-3 ကျောင်းသူ မမိုးမြင့်သူ၏ မိဘအမည်မှန်မှာ ဦးနေမျိုးအောင် ၁၀/ ရမန(နိုင်)၁၇၂၇၆၄၊ ဒေါ်နန္ဒာဦး ၆/ရဖန(နိုင်)၀၉၅ ၇၈၅ ဖြစ်ပါကြောင်း။

**ဦးနေမျိုးအောင်-ဒေါ်နန္ဒာဦး**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/45815, Dayang-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုးလွင် ၁၄/သလခ(နိုင်) ၀၀၂၃၃၅က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

---

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဦးဇယ်ဒေါင်၏သား၊ ဝိုင်းမော်မြို့နယ်၊ အထက(နောင်ချိန်း) Grade-11 (STEAMS-2) မှ မဝဆန့်ဒေါင်ညွယ်(ခ)ဒေါင်ညွယ်၏ အမည်မှန်မှာ မဝဆန်ဒေါင်ညွယ်ဖြစ်ပြီး ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၄-၂၀၁၀ ဖြစ်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက် ကြီး(၁)၊ ကွင်း/ အကွက်အမည်-(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ်(၁၈-ဇ)၊ ဧရိယာ(၀ဒသမ ၁၅၆)ကေ အကျယ်ရှိမြေအား မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားနိုင်ရေး ဒေါ်စန်းစန်းအေးပါ(၂)ဦးမှ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

### တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ ပမ္မတီးရပ်ကွက်၊ ဘုမ္မော၊ နယ်မြေ (၇)၊ အမှတ် (A/၄၉၃)နေ မယွန်းအိမ်စည် ၈/နမန(နိုင်)၂၈၅၉၀၇ ၏ ဖခင် ဦးစိုးကျော်သက်လင်း(ခ)ဦးသက်လင်း ၈/ရနခ(နိုင်)၀၉၅၅၄၈ သည် တစ်ဦးတည်းဖြစ်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ ကွင်း/အကွက်အမှတ်(၁၄-က/ထုံးဘိုရပ်)၊ ဦးပိုင်အမှတ် (၁၁-ခ/၁)၊မြေ ဧရိယာ ၀ဒသမ ၁၉၃ကေရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်ရန်ခွေကန့်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

### တစ်ဦးတည်းဖြစ်ကြောင်း

မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ နယ်မြေ (၁၀)၊ အမှတ် (၁)နေ မောင်လဂျာ ၁/မကန(နိုင်) ၂၉၆၁၄၇ ၏ ဖခင် ဦးလအောင်(ခ) ဦးလှအောင် ၁/မကန(နိုင်)၀၃၈၆၆၄ သည် တစ်ဦးတည်းဖြစ်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၆/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၀)၊ မြေဧရိယာ ၀ဒသမ ၀၅၅ ကေရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ဝေဝေဝင်း ၉/မမန(နိုင်)၀၈၄၇၉၇ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်းကျေးရွာအုပ်စု၊ ဟင်းခွက်အိုင်ကျေးရွာနေ (KEC) ကိုယ်ပိုင်အထက်တန်းကျောင်း G-12 တွင် ပညာသင်ကြားနေသော မစုလင်းရတနာ၏ ဖခင်အမည်မှန်မှာ ဦးဆန်းနိုင် ၉/ရမသ(နိုင်)၁၂၆၀၇၉ ဖြစ်ပါကြောင်း။ **ဦးဆန်းနိုင်**

---

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/1505 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ် ကွက်အမှတ်(၅)ရပ်ကွက်၊ သရေခတ္တရာ(၂၁)လမ်း၊ မြေကွက်အမှတ်( ၈၇၉/ခ) ဟုခေါ်တွင်သော မြေအလျားx အနံ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြနှင့်မြေစီမံခန့်ခွဲမှုဌာန၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းရှင် ထံမှအရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အာရ်ဘီဘီ(ခ)ကူလ်စွန်(၉/မဟမ(နိုင်)၀၇၇၁၅၆) ထံမှတစ်ဆင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မိုး(ခ)ကွန်ဟင်း(၁၂/ဗဟန(နိုင်)၀၅၇၀၆၁)ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန်းဌေး (၁၂/ဗဟန(နိုင်)၀၅၇၀၆၅)နှင့် သားများဖြစ်သူ ၁။ ဦးဆန်းနိုင်အောင်(၁၂/ဗဟန(နိုင်)၀၈၁၁၂၉) ၂။ ဦးကျော်သူအောင် (၁၂/ဗဟန(နိုင်)၀၈၁၁၃၁) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိကြည်ကြည်စန်း (၁၀/မလမ(နိုင်)၁၆၁၃၅၁) မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော်LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၈၀၇)၊ ပတ္တမြား(၁)လမ်း၊ (၅)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း - ၀၉-၄၅၀၀၃၅၀၇၀**

# နှိုးဆော်လျှောက်ထားလွှာ

ဆရာတော်အရှင်သူမြတ်တို့ ဘုရား . . . . .

ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး၏

(၂၈၉) ကြိမ်မြောက် တန်ဆောင်မုန်းလ ဆွမ်းဆန်တော်လှူဒါန်းနိုင်ရေး အောက်ပါအစီစဉ်အတိုင်း လှူဒါန်းသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော် လျှောက်ထားအပ်ပါသည်ဘုရား။

**အစီအစဉ်**

သံဃာစာရင်းနောက်ဆုံးလက်ခံမည့်

**နေ့ရက်** ။ ။ ၁၃၈၈ ခုနှစ် တန်ဆောင်မုန်းလဆန်း (၈) ရက်၊ ၁၇-၁၁-၂၀၂၆ ရက်(အင်္ဂါနေ့)

**အချိန်** ။ ။ မွန်းလွဲ (၃) နာရီ

**မှတ်ချက်** ။ ။ ၎င်းရက်နောက်ပိုင်း ရောက်လာသည့်သံဃာစာရင်းများကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

**ပရိယတ္တိသာသနာနုဂ္ဂဟ ရန်ကုန်ဆန်လှူအသင်းကြီး**

**ဖုန်း- ၀၉-၂၅၄၈၉၁၆၇၀၊ ၀၉-၂၆၆၀၆၆၀၇၇၊ ၀၉-၄၂၀၀၂၅၈၅၂**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ လဲဘူး ကျေးရွာ၊ အထကကျောင်း၊ Grade – 5 မှ မောင်မင်းရာပြည့်၏ ဖခင်အမည်မှန်မှာ ဦးမောင်ပုကြီး ၈/နမန(နိုင်) ၀၉၉၂၁၈ ဖြစ်ပါကြောင်း။

**ဦးမောင်ပုကြီး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြစ်သားမြို့နယ်၊ အမက-မြို့တွင်းကျောင်းမှ ဒေါ်ဆွေဆွေဝင်း (မူလတန်းပြ) ၉/မသန(နိုင်) ၀၀၆၁၃၈ ၏ဖခင် ဦးဘိုးကိုနှင့် ဦးဖိုးကိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဘိုးကို(ခ)ဦးဖိုးကို**

## မွေးသက္ကရာဇ်အမှန်

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ လပွတ္တာလုပ်ကလေးကျေးရွာအုပ်စု၊ စာဖြူစုကျေးရွာနေ (ဘ) ဦးခင်မောင်ထွန်း (၁၄/မမက(နိုင်)၀၆၄၂၇၃) ၏သား စမင်းထက်စံ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၂-၂၀၀၈) ဖြစ်ပါကြောင်း။ **စမင်းထက်စံ (၂၅-၂-၂၀၀၈)**

## ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁)၊ Grade-8 (B) မှ မသုန်သုန်ချစ်၏ ဖခင်အမည်မှန်မှာ ဦးတင်စိုး ၇/ဖမန(နိုင်) ၁၀၂၄၃၉ ဖြစ်ပါကြောင်း။

**ဦးတင်စိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ကျောက်တံခါးမြို့၊ အထက (ကျောက်တံခါး)တွင် အလယ်တန်းရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ခင်စန်းမြင့် ၇/ ကတခ (နိုင်)၀၈၁၂၉၀ ၏ ဖခင် ဦးကာစင်(ခ) ဦးကာစီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးကာစင်(ခ)ဦးကာစီ ၇/ ကတခ(နိုင်)၀၈၃၆၇၁**

## ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ တောင်ကျွန်းရွာသစ်နေ မခေမာဒေဝီ ၏ ဖခင်အမည်မှန်မှာ ဦးနာရာယန် ၁၃/နခတ(နိုင်)၀၀၁၀၇၉ ဖြစ်ပါကြောင်း။

**ဦးနာရာယန်**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၊ သုံးဆယ့်ခြောက်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၃၈/က၊ မိုးပေါ်ကန်)၊ ဦးပိုင်အမှတ်(၃/ခ-၁)၊ မြေဧရိယာ (၀.၈၅)ဧကရှိ မြေနေရာအား Best Oil Company အမည်ဖြင့် ဦးသက်ပိုင်ထွေးမှ စက်မှု/စီးပွားမြေငှားဂရန် အမည်ပြောင်းချထားပေးပါရန် လျှောက်ထားမှုအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများနှင့်အတူ ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက မြေငှားဂရန် လျှောက်ထားလာမှုအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ ၊ချောက်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၊ချောက်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/47104 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မင်းလွင် ၁၄/ဝခမ(နိုင်)၁၅၄၄၂၀ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) (မအူပင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/90509 Feiling 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်လှိုင်မျိုး ၁၄/ညတန(နိုင်) ၁၂၁၅၅၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်) (မအူပင်)**

## ဖခင်အမည်မှန်

ကြံခင်းမြို့နယ်၊ ထိန်ပင်မြောင်(အထက-ခွဲ)၊ Grade-7 မှ မအိရှင်းသန့် ၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၁၄/ကခန (နိုင်) ၀၉၈၄၃၈ ဖြစ်ပါကြောင်း။

**ဦးဇော်မင်း**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရှင်စောပုရပ်ကွက်၊ မြေတိုင်းအမှတ်(၁၄-စီ )၊ မြေကွက်အမှတ်(၈-ခ)၊ မြေဧရိယာ(၀ဒသမ၀၅၅)ကေရှိမြေအား ဒေါ်ရင်နုမှ အမည်ပြောင်း သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက အမည်ပြောင်း သက်တမ်းတိုး မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ ဟဲဟို – ၁ အုပ်စု၊ ၅၅/ကံတလိကျောင်းအနောက်ကွင်းရှိ ဦးပိုင်အမှတ်(၄၅နှင့်၄၁)၊ ဂရန်အမှုတွဲအမှတ်(1703/2015နှင့် 1621/2015)၊ ဧရိယာ (၁.၁၂၀ ဧက နှင့် ၀.၅၇၀ ဧက)ရှိ မြေနှင့် အဆောက်အအုံတွင် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးချစ်ဝင်းတင် (၁၃/ကလန(နိုင်)၀၄၅၀၀၈) နှင့် ဦးလျှောင်ကူးနိမ့် (ခ) အနိုင် (၁၃/မရန(ပြု) ၀၀၀၀၇၀) တို့ထံမှ အပြီးအပြတ်ဝယ်ယူထားရှိ ပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက် (၂) ကွက်နှင့် ပတ်သက်၍ ပိုင်ဆိုင်မှု၊ သက်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများရှိပါက ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း သက်ဆိုင်ရာဌာန၊ ရပ်ကွက်များသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခိုင်ထက်မြင့် ၁၃/တကန(နိုင်)၂၉၂၈၁၇**

## ဖခင်အမည်မှန်

ကျောက်ဖြူမြို့၊ တိုးချဲ့ရပ်ကွက်နေ မအေးမြင့်စန်း ၁၁/ကဖန (နိုင်) ၀၇၈၁၆၉ ၏ ဖခင်အမည်မှန်မှာ ဦးငွေအောင် ၁၁/ကဖန(နိုင်)၀၁၆၈၃၅ ဖြစ်ပါကြောင်း။

**ဦးငွေအောင်**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာ(၅)ရပ်ကွက်၊ မြေတိုင်းအမှတ်(၁၅)၊ မြေကွက်အမှတ်(၂၂၃)၊ မြေဧရိယာ(၀.၁၇၂)ကေရှိမြေအား ဒေါ်ခိုင်ခိုင်ဝင်းမှ မြေငှားဂရန်အသစ် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်သုခလမ်း၊ အိမ်အမှတ် (၁၀)၊ မြေကွက်အမှတ် (၅၇၄)၊ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃) ထပ်ခွဲ၊ တိုက်ခန်း (၁၀) ခန်းပါရှိသော RC (3) ထပ်ခွဲတိုက် အဆောက်အအုံ၏ မြေရှင်နှင့် ကန်ထရိုက်တာစာချုပ်အရ ကန်ထရိုက်တာရရှိသည့် (၅-လွှာ/B) ခြေရင်းခြမ်းဟု ခေါ်တွင်သော (အလျား ၁၂ ³/₂ ပေ x အနံ ၅၀ ပေ)ရှိတိုက်ခန်း နှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်ဆက်စာချုပ်များဖြင့် တရားဝင်လက်ရောက်ရရှိထားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ဇာခြည်ထွန်း (၁၂/ဒလန(နိုင်)၀၉၆၈၇၈) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးကျော်စိုး (၁၂/သကတ(ပြု)၀၀၀၄၈၇) မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၄) ရက်အတွင်း ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါ သည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါကအဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ- |
| ဦးကျော်စိုး | ဒေါ်အေးပပလင်း (LL.B) |
| (၁၂/သကတ(ပြု) ၀၀၀၄၈၇) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၇၂) |
| ဖုန်း- ၀၉-၄၂၀၃၁၂၃၅၅ | ဖုန်း- ၀၉-၄၂၁၀၃၈၇၀၃ |

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျောက်ကြီးမြို့နယ်၊ မုန်းမြို့ (၅) ရပ်ကွက်နေ (ဘ) ဦးလှကြည် ၏သား ဦးမျိုးဝင်းကျော် (ခ) ဦးမျိုးမျိုးဝင်း ၈/စလန(နိုင်)၁၄၂၆၀၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမျိုးဝင်းကျော် (ခ) ဦးမျိုးမျိုးဝင်း**

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်၊ အ.မ.က (လွှန်) ကမ်းကြီးဆိပ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နုထွေး ၇/ဝမန(နိုင်)၀၂၈၄၃၄ ၏ အမည်မှန်မှာ ဒေါ်နုနုထွေး ဖြစ်ပါကြောင်း။

**ဒေါ်နုနုထွေး**

## အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အမက-မြောက်ကိုင်း(ဆူးပန်း) Grade-5 တွင် ပညာသင်ကြားနေသော မဝင်းသီရိမျိုး ၏ အမည်မှန်မှာ မဝင်းသီရိအောင် ဖြစ်ပါကြောင်း။

**မဝင်းသီရိအောင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ဈေးအရှေ့ရပ်၊ကွင်းအမှတ်(၆)၊ မြို့မြေ၊ ပထမတန်းစား၊ ဧရိယာ (၀.၁၇၆)ကေရှိ မြေအဆောက်အအုံတို့နှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်တို့အား ရောင်းချပိုင်ခွင့်ရှိသည့် ဦးစိုးမင်း ၁၂/တမန(နိုင်)၀၆၁၆၇၇ ထံမှ ဒေါ်ထိုက်ထိုက်အောင် (၁၂/အစန(နိုင်)၁၈၁၆၀၄) သည် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကြေညာသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ရောင်းဝယ်မှုပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးစိုးမင်း (၁၂/တမန(နိုင်)၀၆၁၆၇၇)**

**ဖုန်း-၀၉-၅၂၈၀၃၉၈**

## ဖခင်အမည်မှန်

အောင်လံမြို့နယ်၊ အထက(ခွဲ) ရေပေါ်ကျောင်း Grade – 8 မှ မရွှေရတု၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းကြည် ၈/အလန(နိုင်) ၁၂၉၅၀၄ ဖြစ်ပါကြောင်း။

## အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အမက-မြောက်ကိုင်း(ဆူးပန်း) Grade-5 တွင် ပညာသင်ကြားနေသော မသန္တာအေး ၏ အမည်မှန်မှာ မသန္တာစိုး ဖြစ်ပါကြောင်း။

**မသန္တာစိုး**

## မိဘအမည်မှန်

မြစ်သားမြို့နယ်၊ အထက (သာလွှန်) Grade-12 မှ မောင်ဖိုးသကြ်န်နှင့် ဝမ်းတွင်းမြို့နယ် မူလွှန်(ကုက္ကိုစု) Grade-7 မှ မောင်မိုးသကြ်န် တို့၏ မိဘအမည်မှန်မှာ ဦးအေးနှင့်ဒေါ်ချို ဖြစ်ပါကြောင်း။

**ဦးအေး၊ ဒေါ်ချို**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

အောင်ပန်းမြို့၊ မြို့ဟောင်းရပ်ကွက်နေ(ဘ)ဦးအောင်ညွန့်၏ သားဖြစ်သူ ဦးမြင့်ဇော် ၁၃/ကလန(နိုင်)၀၂၅၂၂၄) က အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်-

အောင်ပန်းမြို့၊ ရေချိုကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်နှင့် အမည် (၁၃၀-နတ်တော်ရွာမ) ဦးပိုင်အမှတ်(၈၂/၂) မြေဧရိယာ(၀.၆၆)ကေရှိ ယာမြေကွက်ကို ကျွန်တော်ဦးမြင့်ဇော် အမည်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇) ရရှိထားပါသည်။ ကျွန်တော် ဦးမြင့်ဇော် သည် အထားမှားရာမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မူရင်းမှာပျောက်ဆုံးသွားခဲ့ပါသဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) မိတ္တူလျှောက်ထား မည်ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကလောမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ဦးမြင့်ဇော် (၁၃/ကလန(နိုင်)၀၂၅၂၂၄)**

**ဖုန်း-၀၉-၄၂၈၃၂၇၄၅၁**

## ကြော်ငြာစာ

## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)

## တောင်ကြီးခရိုင်တရားရုံးတော်

## ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၂၀

**ကွယ်လွန်သူ ဦးမောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

တောင်ကြီးမြို့၊ ရွှေတောင်ရပ်ကွက်၊ ဆရာစံလမ်း၊ နယ်မြေ(၁၀)၊ အိမ်အမှတ် (၁၅၇) ၌ နေထိုင်ခဲ့သောကွယ်လွန်သူ ဦးမောင် ၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မိမိလေးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက်) တွင် ဆိုင်ဆိုကြားနာရန်ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးမောင်၏ ကျန်ရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက်) ၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မိမိလေး၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးခွန်ဖြူ)**

**ခရိုင်တရားသူကြီး**

**တောင်ကြီးခရိုင်တရားရုံး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/9520 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ ပြည်သာယာတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ဂ/ပြည်သာယာတောင်၊ ဦးပိုင်အမှတ်၊ ၁၉၂၊ မြေကွက်အမှတ်၊ ၁၉၂၊ မြေဧရိယာ ၀.၀၃၄ ဧကရှိ မြေကွက်သည် ဒေါ်တင်ပု အမည်ဖြင့် ၁၇-၈-၁၉၉၁ ရက်အထိ (၁၀) နှစ် မြေငှားဂရန်ရရှိထားပါသည်။ ဒေါ်တင်ပု နှင့် ဦးအောင်စ တို့သည် တရားဝင်ဇနီး၊ ခင်ပွန်းများဖြစ်ကြပြီး အသီးသီးကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ၎င်းတို့မှ ဦးဝင်းလွင် တစ်ဦးတည်းသောသားထွန်းကားခဲ့ပါသည်။ ဦးဝင်းလွင်၊ ၉/မထလ(နိုင်)၀၃၂၂၇၉ မှ ကျန်းသစ္စာ ကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ် ချုပ်ဆိုပြီး မြေငှားဂရန်အသစ် လျှောက်ထားလာပါသည်။ အဆိုပါလျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ (၁၅) ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ(ဘ)ဦးမောင်မောင်ကြီး၏သားဖြစ်သူ ဦးဝင်းမျိုးသူ (၁၂/ပဇတ(နိုင်)၀၁၁၄၄၂) က အောက်ပါအတိုင်း ကန့်ကွက်နိုင်ကြောင်းအများ သိစေရန်ကြေညာအပ်ပါသည်-

အောင်ပန်းမြို့၊ ရေချိုကျေးရွာအုပ်စု၊ ကွင်းအကွက်အမှတ်နှင့်အမည် (၁၃၀-နတ်တော်ရွာမ) ဦးပိုင်အမှတ်(၈၂/၅) မြေဧရိယာ (၀.၂၇) ကေနှင့် ဦးပိုင်အမှတ် (၈၂/၄) မြေဧရိယာ (၀.၅၆)ကေရှိ ယာမြေကွက်တို့ကို ကျွန်တော်ဦးဝင်းမျိုးသူ အမည်ဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိထားပါသည်။ ကျွန်တော် ဦးဝင်းမျိုးသူသည် အထားမှားရာမှ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မူရင်းမှာပျောက်ဆုံးသွားခဲ့ပါသဖြင့် လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) မိတ္တူလျှောက်ထားမည်ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် (၁၄) ရက်အတွင်း ကလောမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန်ကြေညာအပ်ပါသည်။

**ဦးဝင်းမျိုးသူ (၁၂/ပဇတ(နိုင်)၀၁၁၄၄၂)**

**ဖုန်း-၀၉၄၂၈၃၂၇၄၅၁**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ၂၈ဃ/၁၅၃၅၂ Yinxiang-125 ယာဉ်လက်ဝယ်ရှိသူ ဦးသောင်းဝင်း ၁/ဗမန(နိုင်) ၀၃၉၄၈၄ က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေတောင်သစ္စာလမ်း၊ အမှတ် (၉၉၁)ဟု ခေါ်တွင်သော မြေတိုင်း ရပ်ကွက် အမှတ် (၃၅)၊ မြေကွက်အမှတ် (၉၉၁) အကျယ်အဝန်း(၄၁ပေ x၆၀ပေ)၊ ဧရိယာ(၀.၀၅၆) ကေရှိ နှစ်(၆၀) မြေငှား ဂရန်မြေ အမျိုး အစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးကို အမည်ပေါက် ပိုင်ဆိုင်သူ ဦးစောအောင်မြင့် (PAN-107390) ထံမှ အရောင်းအဝယ်အရပ်ကတိစာ ချုပ်ဖြင့် (၉-၆-၂၀၂၂) ရက်ကတည်းကပင် ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသည့် ဒေါ်ခင်အေးဇံ ၁၁/စတန (နိုင်)၀၀၈၀၈၇ ၊ ဒေါ်နှင်းပွင့်ဦး ၁၁/စတန (နိုင်) ၀၆၆၇၉၈၊ ဦးညိုဇံ ၁၁/စတန(နိုင်)၀၆၆၇၉၉ တို့မှ လက်ရောက်ရယူခဲ့ကာ လက်ဝယ်ထား ပိုင်ဆိုင်ခဲ့သူများဖြစ်ပါသည်။ ယခု အခါ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူတို့မှ အဆိုပါမြေကွက်နှင့် အိမ်အား အမည်ပြောင်းလဲရန်အတွက် တရားဝင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် လိုအပ်လာပါသဖြင့် လူကြီးမင်းမှ ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း လူကြီးမင်းမှ လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့် အညီ လုပ်ထုံးလုပ်နည်းအတိုင်း တရားဝင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းသိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈ )
၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈

## ကုန်အမှတ်တံဆိပ် အသိပေးကြေညာချက်

လားရှိုးမြို့၊ ရပ်ကွက် (၁၂)၊ နယ်မြေ (၁၉)၊ ခိုင်ရွှေဝါလမ်း၊ လမ်းသွယ် (၇)၊ အုပ်စု (၆/က)၊ အိမ်အမှတ် (၅/၁၉/၉၈၉) နေ ဒေါ်ခင်ရီ (၁၃/လရန (နိုင်) ၁၉၃၈၄၉) သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို မိမိတစ်ဦးတည်းမူပိုင် (ပိုင်ရှင်) အဖြစ် သုံးစွဲရန် လားရှိုးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၂၀၂၆ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၆၉/၂၀၂၆) ဖြင့် တရားဝင်မှတ်ပုံတင်ပြီး ဖြစ်ပါသည်-

မှတ်ပုံတင်အမှတ် (၃၆၉/၂၀၂၆)

အထက်ဖော်ပြပါ ကုန်အမှတ်အသားတံဆိပ် " PP, SXL = Super Xtra-Large " ဟု ရေးသား အသုံးပြုထားသည့် တစ်ခါသုံးပလပ်စတစ်ဘူးအား ဖော်ပြပါကုန်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင် ရိုက်နှိပ်အသုံးပြုသွားမည့်အပြင် ၎င်းပစ္စည်းများအား ထုတ်ပိုးရာတွင် အသုံးပြုသည့် ဘူး၊ သေတ္တာ၊ အိတ်၊ ပလပ်စတစ်အိတ်၊ စက္ကူအိတ်၊ ခွက် စသော ထုပ်ပိုးပစ္စည်းများအပေါ်တွင် ဖိနှိပ်၍ လည်းကောင်း၊ ကပ်နှိပ်၍လည်းကောင်း၊ အဆိုပါ လုပ်ငန်းပစ္စည်းနှင့် ဆက်နွှယ်ပတ်သက် သော အသုံးအဆောင် စာရွက်စာတမ်းများ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ခေါင်းစည်း ကြော်ငြာ၊ ရုပ်ရှင်ဆလိုက်၊ ဘလောက်တုံး၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ပြေစာ၊ ဘောက်ချာ၊ ဆိုင်းဘုတ်များတွင် ယင်းကုန်အမှတ်တံဆိပ်အမည် အမှတ်အသားကို အရွယ်အစား အမျိုးမျိုးဖြင့် ရိုက်နှိပ် သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်အသားတံဆိပ်ကို ဒေါ်ခင်ရီ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ် တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ ပုံတူပုံမှား တုပပြုလုပ်သုံးစွဲခြင်းများတွေ့ရှိပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်ခင်ရီ၏လွှဲအပ်ညွှန်ကြားချက်အရ -ဦးခေါင်ဇယ် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၃၁/၂၀၁၆)
နယ်မြေ (၄)၊ ရပ်ကွက် (၅)၊ လားရှိုးမြို့၊ ဖုန်း-09-403710052

## ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက ဂုဏ်ရွာ၊ Grade- 9 မှ မောင်ဇေယံဦး ၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်ရီ ၉/ဝတန(နိုင်) ၁၇၇၈၅၆ ဖြစ်ပါကြောင်း။

ဦးခင်မောင်ရီ

## မွေးသက္ကရာဇ်အမှန်

မန္တလေးတိုင်းဒေသကြီး၊ နွားထိုးကြီးမြို့နယ် အထက (လုံးတော/သမန်းတော)ကျောင်း Grade-5မှ မနှင်းသန့်ဖြူ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၆-၁၁-၂၀၁၃) ဖြစ်ပါကြောင်း။

(၂၆-၁၁-၂၀၁၃)

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/79571 Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ မောင်ရန်နိုင်လင်း ၉/မဟမ(နိုင်)၀၁၁၃၂၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/51289 Kenbo Wave -125 M/C ယာဉ်လက်ဝယ် ရှိသူ ဒေါ်ဒွေး ၁၄/ဘကလ(နိုင်)၀၇၆၈၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

## ပျောက်ဆုံးကြောင်း

(ဘ)ဦးခင်မောင်မြင့် ၏ သမီး ကျွန်မ နန်းမိုဟိန်းဟပ်(ခ)မခင်ချစ်ဝင်း ၁၃/ကတန(နိုင်) ၀၀၇၂၇၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် (MH-982756) သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၄၁၀၀၆၂၃၉

## မွေးသက္ကရာဇ်အမှန်

(ဘ) ဦးအားပါ ၏ သမီး တာချီလိတ်မြို့၊ ဟောင်လိတ် (အထက) ကျောင်း Grade-11 မှ မဆိုဖီယာ ၁၃/မဆန(နိုင်) ၀၇၇၉၅၉ ၏ မွေးသက္ကရာဇ် အမှန်မှာ (၇-၈-၂၀၀၉) ဖြစ်ပါကြောင်း။

(၇-၈-၂၀၀၉)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ရွာဘဲရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်-(၁၅A)မူယာပင်အနောက်ကွက်၊ ဦးပိုင်အမှတ်-(၂၇ဇ)၊ မြို့မြေ၊ ဧရိယာ (၀.၀၇၃)ကေရှိ ဘိုးဘပိုင်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ စာချုပ်အမှတ်- ၀၅၄/၂၀၂၄ဖြင့် ချုပ်ဆိုပြီးဖြစ်သည့်အတွက် ဦးဝင်းမြင့်မှ မိမိ၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားရာ ကန့်ကွက်လိုသူများရှိပါက ၂၀၂၆-ခုနှစ်၊ နိုဝင်ဘာလ(၄)ရက် မတိုင်မီ စာရွက်စာတမ်း အထောက်အထား ပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ပြည်မြို့နယ်မြေစာရင်းဦးစီးဌာန

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း
## အများသိစေရန်ကြေညာခြင်း

(ဘ)ဦးထွန်းဝင်း ၏သား ဦးပြည့်ဖြိုးအောင်(ခ)အိုက်ပီး ၁၃/မပတ(နိုင်) ၀၃၆၉၄၅နှင့် (ဘ)ဦးစိုင်းစောတ၏သမီး ကျွန်မ ဒေါ်နာရှီးခါး(ခ)အီနွန်း ၁၃/ မဆန(နိုင်)၀၂၄၀၈၁တို့သည် တစ်ဦးနှင့်တစ်ဦး ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၅-၁၀-၂၀၂၆) ရက်တွင် ကျေးရွာထုံးတမ်းစဉ်လာအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးပြည့်ဖြိုးအောင်(ခ) အိုက်ပီး နှင့် ဒေါ်နာရှီးခါး(ခ)အီနွန်း တို့သည် နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှဆက်စပ်သက်ဆိုင်ခြင်း အလျှင်းမရှိတော့ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

ဒေါ်နာရှီးခါး(ခ)အီနွန်း ၁၃/မဆန(နိုင်)၀၂၄၀၈၁

## အမည်ပြောင်း

လှိုင်ကော်မြို့၊ ဒေါတမရပ်ကွက်၊ အထက(၅) Grade–4 မှ (ဘ) ဦးရဲမြင့်ဦး ၏သား မောင်စစ်ရဲနိုင်အား ယနေ့မှစ၍ မောင်ခန့်ပြည့်ဝ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ခန့်ပြည့်ဝ**

## အများပြည်သူသိရှိစေရန် ကြေညာချက်

RB Myanmar Microfinance Co.,Ltd ကုမ္ပဏီမှတ်ပုံတင်အမှတ် (110411715) တွင် ယခင်အစုရှယ်ယာရှင် RB Trust Co.,Ltd ၏ အစုရှယ်ယာစောင်ရေ 80,000 တန်ဖိုး USD 80,000 ကို အစုရှယ်ယာရှင် Retail Branding Co.,Ltd ထံသို့ လွှဲပြောင်းခြင်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်–ငကစ/ကက–၆(၇၄/၂၀၁၅) အရ ငွေကြေးဝန်ဆောင်မှုရယူနေသည့် အသင်းသားများနှင့် အများပြည်သူ သိရှိစေရန် ကြေညာအပ်ပါသည်။

**RB Myanmar Microfinance Co.,Ltd**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/8604+ 4F/4041 ၏ ဖောင်းကြွနံပါတ်ပြား (၂) ချပ် ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရွှာသာကြီး**

## ဘိုးဘပိုင် / မြေပိုင်အခွင့်အရေး ရရှိထားသောမြေအမည်ပြောင်း လျှောက်ထားကြောင်းကြေညာစာ

ထန်းတပင်မြို့၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ အကွက်အမည် အောင်သုခအရှေ့၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀. ၆၄၇)ဧကရှိ (က) အရှေ့လားသော်–ဦးပိုင် (၄၀)+(က/၃၉)၊ (ခ)အနောက်လားသော်– ဦးပိုင် (က/၃၇)+(ခ/၃၇)၊ (ဂ) တောင်လားသော်–အောင်သုခ(၁)လမ်း၊ (ဃ)မြောက် လားသော်–ထန်းတပင်–တပြေးကားလမ်းပေါ်ရှိမြေကို (ဘိုးဘပိုင် အမည်ပြောင်း)ပေးရန် ဦးခွန်တင်မြင့်မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသည်များရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်မှ နိုဝင်ဘာလ (၁၃) ရက် မတိုင်မီအထိ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိ ဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ ထန်းတပင်မြို့နယ်မြေစာရင်းဦးစီးဌာန**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ပါရမီအတွင်းလမ်း၊ ပါရမီကွန်ဒိုအဆောက်အအုံ၊ အမှတ် (၁၂+၁)၊ အခန်းအမှတ် (၉၀၇) ဒေါ်စန်းစန်းအမည်ပေါက် ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

အထက်ပါလိပ်စာရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးသိန်းစိုး (၁၂/စခန(နိုင်)၀၄၅၁၂၆) ထံမှ ဦးအောင်မြင့် (၁၂/အစန(နိုင်)၀၅၁၁၆၂)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူ မည်သူမဆိုတို့က ယနေ့မှစ၍ (၂၁) ရက်အတွင်း စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံ ကန့်ကွက်နိုင်ကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးခင်ဇော် | ဒေါ်အိအိဖြူ |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၆၃၅) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၈၀) |
| B.Sc, PGDL, HGP.WIPO(Switzerland) | LL.B,DLP, WIPO(Switzerland) |

အမှတ် (၅၅)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း–၀၉–၇၆၃၈၀၈၇၉၁၊ ၀၉–၇၈၇၁၉၂၂၃၁

## ဖခင်အမည်မှန်

ပြည်မြို့၊ အထက (၅) Grade–4 (C) မှ မရွှေစင်ထက်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ဆွေမြင့် ၉/ပကခ(နိုင်)၀၂၆၁၈၄ ဖြစ်ပါသည်။

**ဦးဇော်ဇော်ဆွေမြင့်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟသ်ာတမြို့နယ်၊ ငါးဖားကျေးရွာနေ ကျွန်တော် ဦးမင်းသိန်း ၁၄/ဟသတ (နိုင်) ၂၃၆၂၃၁ နှင့် ဦးမင်းသိမ်း ဟူ၍ အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် ၂၉ယ/၅၅၃၅၂ Jialing–90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးသင်း ၉/မထလ(နိုင်) ၁၉၄၅၃၀က မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၀၈

| | | |
|---|---|---|
| ဒေါ်သက်သက်စု | နှင့် | တပ်ကြပ်ကြီး ငင်ခိုဇယ် |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၁၂၈ x ၁၂၉ လမ်းကြား၊ ၆၁ x ၆၂လမ်းကြား၊ အကွက်(၁၁–၄)နေ တပ်ကြပ်ကြီး ငင်ခိုဇယ်(ဘ)ဦးတိမ်ငိုင်င (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သက်သက်စု က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ အကွက်အမှတ် (အ–၁၇)၊ ဦးပိုင်အမှတ် (၄၆)၊ ဧရိယာ (၀.၀၅၅၁) ဧက အကျယ်အဝန်းရှိ တကကက ငင်ခိုဇယ် အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ မြောက်ဘက်ခြမ်း(၂၀ x ၆၀)ပေ အကျယ်အဝန်းရှိမြေကွက်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အင်ကြင်းဖူး)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ညောင်ပင်သာရပ်ကွက်၊ နယ်မြေ (၄)နေ အဖဦးချစ်ကိုကို ၏သား အားမာန်ကိုယ်ပိုင်အထက်တန်းကျောင်း Grade – 9 မှ မောင်ထက်ဝေယံ၏ အမည်မှန်မှာ မောင်ဘုန်းတေဇ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/ရွှေကြာပင်)ရှိ ဦးအေးဝင်း (ဘ) ဦးအောင်ဒင် ၉/လဝန(နိုင်)၁၀၃၈၄၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အမှတ်(၁၁၅၃)၊ ဧရိယာ(၀.၀၈၂) ဧကအား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်စုစုမာ (ဘ) ဦးကျော်ညွှန့် ၁၀/ဘလန(နိုင်)၀၅၉၃၄၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

မအူပင်မြို့နယ်၊ သောင်တူကျေးရွာ အမက သောင်တူကျောင်းမှ အထွေထွေလုပ်သား ဦးသိန်းဝင်း၏ ဖခင်အမည် ဦးဖိုးဝ (ခ) ဦးကျော်သောင်း မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဖိုးဝ (ခ) ဦးကျော်သောင်း**

## သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန ရန်ကုန်တက္ကသိုလ်၏ အစီအစဉ်ဖြင့် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေးပညာမှ အောက်ပါဘွဲ့လွန်ဒီပလိုမာသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသည်–

၁။ သင်တန်းအမည် – ရေသတ္တဝါမွေးမြူရေးဆိုင်ရာ ဒီပလိုမာ
၂။ သင်တန်းအောင်လက်မှတ် – ရေသတ္တဝါမွေးမြူရေးဆိုင်ရာ ဒီပလိုမာဘွဲ့ (Diploma in Aquaculture)
၃။ သင်တန်းဝင်ခွင့်အရည်အချင်း – ဘာသာရပ်အသီးသီးမှ ဘွဲ့တစ်ခု အနည်းဆုံးရရှိရပါမည်။
၄။ သင်တန်းကာလ – (၁၀) လ
၅။ သင်တန်းအချိန် – စနေ၊ တနင်္ဂနွေ (နံနက် ၉:၀၀ မှ ညနေ ၄:၀၀ ထိ)
၆။ လက်ခံမည့်သင်တန်းသားဦးရေ – ၅၀ ဦး
၇။ လျှောက်လွှာစတင်လက်ခံမည့်ရက် – ၂၀–၁၀–၂၀၂၆ ရက်
၈။ လျှောက်လွှာပိတ်မည့်ရက် – ၃၀–၁၁–၂၀၂၆ ရက်
၉။ သင်တန်းစတင်ဖွင့်မည့်ရက် – ၁–၁၂–၂၀၂၆ ရက်
၁၀။ ဆက်သွယ်ရမည့်လိပ်စာ – အခန်း (၃၀၇)၊ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ပညာရုံးခန်း၊ Center For Research And Innovation၊ ဘွဲ့နှင်းသဘင် ခန်းမအနီး၊ ရန်ကုန်တက္ကသိုလ်

မှတ်ချက်။ ။**အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ငါးလုပ်ငန်းပညာ၊ ရန်ကုန်တက္ကသိုလ်၊ ဖုန်း –09420177563, 09–409396906 တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

## ( တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂ )

## စစ်ကိုင်းခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁ နှင့် ဆက်နွယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၀

| | | |
|---|---|---|
| ဒေါ်ဝါဝါသိမ်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇေယျာမျိုး) | နှင့် | ဦးကံလင်းမောင် |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဦးကံလင်းမောင်၊ ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၇) ရပ်ကွက်၊ သုခလမ်း၊ အမှတ် (၄၅) နေ (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၁ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေမီဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် -၂၁၊ နည်းဥပဒေ- ၂၂ )

## စစ်ကိုင်းခရိုင်တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂ နှင့် ဆက်နွယ်သည့် ၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၁၁

| | | |
|---|---|---|
| ဒေါ်မေဇွန်ရတနာမျိုး (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇေယျာမျိုး) | နှင့် | ဒေါ်နီလာဝင်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

ဒေါ်နီလာဝင်း၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ (၉)ရပ်ကွက်၊ တိုက်အမှတ်(၈)၊ အခန်း(၃၀၂)နေ (ယခုနေရပ်လိပ်စာမသိသူ) အား သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန်သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၃ ရက်)နေ့မွန်းမတည့်မီ ၁၀ နာရီတွင် ဤ ရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေမီဝင်းနိုင်)**
**ဒုတိယခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ် ကျွဲကူးကျေးရွာနေ မောင်ပြည့်ဖြိုးလှိုင် ၅/ကလထ(နိုင်)၀၆၄၃၃၇ ၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပျဉ်းမနားမြို့ အထက (၄) အခြေခံပညာအထက်တန်းကျောင်း Grade – 10 မှ မယွန်းချယ်ရီ၏ ဖခင်အမည်မှန်မှာ ဦးခွန်းမြင့်သိန်း ၁၃/ပခန(နိုင်)၀၅၂၀၅၃ ဖြစ်ပါကြောင်း။

**ဦးခွန်းမြင့်သိန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်74W/60848 Thai Anbo – 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းစု ၉/မရတ(နိုင်) ၁၂၃၉၈၀က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 53W/99604 New Anbo–125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဝင်းကျော် ၉/မနတ(နိုင်) ၀၉၉၈၂၆ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ၆၉ လမ်း၊ ၄၂ x ၄၃ လမ်းကြားနေ ဦးမင်းဝေအောင် (ဘ) ဦးအောင်မှီ (၉/ပဥလ(နိုင်)၀၂၅၉၇၄) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းဝေအောင်သည် ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်သည့်အပြင် ၎င်းလုပ်ကိုင်သည့် စီးပွားရေးလုပ်ငန်းနယ်ပယ်တွင်လည်းကောင်း၊ လူမှုရေးနယ်ပယ်တွင်လည်းကောင်း ကောင်းသတင်းဖြင့် ရပ်တည်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ၏ စီးပွားရေး၊ လူမှုရေးနှင့် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဂုဏ်သရေညှိုးနွမ်းစေသည့် ပြောဆိုရေးသားမှုများ၊ ကြည့်ရှုသူအများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသည့် စာအရေးအသားများဖြင့် မဟုတ်မမှန် လုပ်ကြံဖန်တီးတိုက်ခိုက်ခြင်း၊ စွပ်စွဲခြင်းစသည့် စာသားများ၊ ပြောဆိုမှုများ၊ ဓာတ်ပုံများ၊ ဗွီဒီယိုဖိုင်များကို ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရှိဘဲ ကျွန်ုပ်မိတ်ဆွေပါရှိသည့်ဓာတ်ပုံ၊ ဗွီဒီယိုများကိုSocial Media များဖြစ်ကြသည့် Facebook, Tiktok, Viber, Telegram, Youtube အစရှိသည့် ဆက်သွယ်ရေးလူမှုကွန်ရက်စာမျက်နှာများပေါ်၌ ရေးသားဖြန့်ဝေခြင်းကိုသော်လည်းကောင်း၊ ထိုသို့ ရေးသားဖြန့်ဝေမှုများအပေါ် ထပ်မံဖြန့်ဝေခြင်းကိုသော်လည်းကောင်း လုံးဝမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ခဲ့ပါက ထိုသို့ပြုလုပ်သူမည်သူမဆို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ–** | **လွှဲအပ်ညွှန်ကြားချက်အရ–** |
| **ဦးမင်းဝေအောင်** | **ဒေါ်မိုးမြင့်မြင့်မော် (LL.B) (D.B.L), (D.I.L)** |
| ၉/ပဥလ(နိုင်)၀၂၅၉၇၄ | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်–၁၈၂၇၁) (၁၆–၁၀–၂၀၂၃)** |
| | **အမှတ် – ၃၂ ၊ အကွက်–၂၉ (ဆ) ရပ်ကွက်၊** |
| | **ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။** |
| | **ဖုန်း–09–459129133** |

## ကန့်ကွက်နိုင်ပါသည်

တောင်တွင်းကြီးမြို့၊ ရွှေကြာအင်း (၂) ရပ်ကွက်၊ ဥယျာဉ်စုလမ်းနေ ဦးကြည်သိန်း ၈/တတက(နိုင်)၀၅၇၅၀၃ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင် တောင်တွင်းကြီးမြို့၊ တောင်ပြင် (၁) ရပ်ကွက်၊ ပြည်လမ်းရှိ အကွက်အမှတ်နှင့်အမည် – ၁၆၊ တောင်ပြင်တောင်ရပ်၊ ဦးပိုင်အမှတ် – ၃၂ အတွင်းမှ ပိုင်ဆိုင်ခွင့် A ၊ မြေမျိုးနှင့်အတန်း – မြို့မြေ ၊ မူလဦးပိုင်ရှိဧရိယာ(၀.၀၅၃)ဧကအနက်မှ (၀. ၀၁၂) ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (၁)လုံးနှင့် ယင်းအဆောက်အအုံတွင် တပ်ဆင်ထားသော မီတာဘောက် အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်သိန်းက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေနှင့် တိုက်အဆောက်အအုံအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံလူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကြည်သိန်း၏ ညွှန်ကြားချက်အရ –**
**ဦးကျော်ဝင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၉၅၆/၁၉၈၉)**
**ပြည်လမ်း၊ ရွှေကြာအင်း (၂) ရပ်ကွက်၊ တောင်တွင်းကြီးမြို့**
**ဖုန်း–၀၉–၅၃၃၃၁၀၆၊ ၀၉–၆၉၅၃၃၃၁၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂–၅၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၄၀)၊ မြေဧရိယာ(၀.၁၈၄)ဧကရှိမြေကွက်သည် မူလက ဦးဘကြည် အမည်ဖြင့် (၁၄–၁–၂၀၂၆) ရက် အထိ မြေငှားဂရန်သက်တမ်းရရှိခဲ့ပြီး၊ ဦးဘကြည်သည် (၁၁–၁၀–၂၀၂၀) ရက်တွင် ကွယ်လွန်သွားခဲ့ပြီး၊ ၎င်း၏ တရားဝင်ဇနီးဒေါ်ချယ်ရီခေါန်တောင်မှ (၈–၇–၂၀၂၆) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၄၁၁/၂၀၂၆) အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး၊ (၆–၈–၂၀၂၆) ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၂၉၅/၂၀၂၆) အရ ဒေါ်ချယ်ရီခေါန်တောင် ထံမှ ဒေါ်တင်နွဲ့ အမည်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဒေါ်တင်နွဲ့ ၁/ဝမန(နိုင်)၀၄၃၁၆၆ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ရဟန်းဒါယကာကြီး ဦးဇော်ထွန်း အသက် (၆၈) နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဥဒ္ဒျစ်ပင်မြို့နေ ဒေါ်တင်မာထွေး (အထက ဥဒ္ဒျစ်ပင်)၏ခင်ပွန်း၊ ဗိုလ်မှူးသက်ဦးမောင်၊ ဗိုလ်ကြီးကျော်ဇင်ထွန်း၊ ဦးကျော်မင်းအောင်(MFOTM ကုမ္ပဏီ)၊ ဗိုလ်ကြီး ဒေါ်အေးချမ်းမြင့်တို့၏ ချစ်လှစွာသောဖခင်ကြီးသည် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁)ရက်၊ ၁၂-၁၀-၂၀၂၆ ရက်(တနင်္လာနေ့) ညနေ(၅:၄၅)နာရီတွင် (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃)ရက်)၊ (၁၄-၁၀-၂၀၂၆)ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် (၁၂:၀၀) နာရီတွင် ဖိုးလေးကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပြီး၊ ၁၈-၁၀-၂၀၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရက်လည် ဆွမ်းကျွေးတရားနာမည် ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ကြောင်း အသိပေး ကြေညာခြင်း

ပြင်ဦးလွင်မြို့ ၊ ရပ်ကွက်ကြီး ( ၇ ) ၊ ကွင်း / အကွက်အမှတ် ( RA - I / ကွက်ပြင် - ၁ ) ၊ ဦးပိုင်အမှတ် ( ၅၄ - ဃ ) ၊ မြေဧရိယာ ( ၀ဒသမ၀၉၅ ) ဧကရှိ မြေကွက်အား မြေငှားဂရန် ( အမည်ပြောင်း ) လျှောက်ထားနိုင်ရေး ဒေါ်ဝေဝေထွန်းမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ( ၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်(RA-III/ကွက်ပြင်-၃)၊ ဦးပိုင်အမှတ် (၈၄-တ)၊ မြေဧရိယာ (၀ဒသမ ၀၅၂) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန်ရော်မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၆)၊ အောင်ချမ်းသာကျေးရွာ၊ ဇီဇဝါလမ်း(၇)လမ်းထဲတွင်ရှိသည့် အရှေ့(၃၅)ပေ၊ အနောက် (၃၂)ပေ၊ တောင်(၁၂၆)ပေ၊ မြောက်(၁၂၆)ပေ အကျယ်ရှိမြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အိမ်အမှတ်(၄၁၆)တစ်ထပ်နှင့် ရေ၊ မီးအပါ အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးအောင်မြင့်မှ (၁၉-၈-၂၀၂၆)ရက်တွင်ဥပဒေနှင့်အညီ တရားဝင် အလွှဲအပြောင်းစာချုပ်ဖြင့် ဒေါ်စိမ်းနုမှ လက်ခံရယူခဲ့ပြီး ယင်းအိမ်ခြံ မြေကွက်အား လက်ရောက်ရရှိခဲ့၍ တရားဝင်နေထိုင်ပိုင်ဆိုင်လျက်ရှိပါကြောင်းနှင့် အထက်ဖော်ပြပါအိမ်ခြံမြေအား ဒေါ်စိမ်းနုမှလွှဲ၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိမ်းနု (၉/မမန(နိုင်)၀၈၉၀၈၃)၊ ရပ်ကွက်ကြီး(၁၆)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၁)ရပ်ကွက်၊ မြင်သာ (၁၀) လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၁)၊ (၂)ခန်းတွဲ(၅)ထပ် ကန်ထရိုက်တိုက်အမှတ် (၁၆၆/၂)(၄-လွှာ)( A-5)(ခေါင်းရင်းခန်း) (အလျား၁၃.၅ပေx၅၅ပေ) ရေ/မီးအစုံပါဝင်သည့် တိုက်ခန်းနှင့်ပတ်သက်သည့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ကြောင်းဝန်ခံသူ (၁)ဒေါ်ခင်စောဝင်း (၁၂/ဆကခ(နိုင်)၀၁၂၃၄၉)၊ (၂) ဒေါ်ဝင်းမာထွေး (၁၂/ဆကခ(နိုင်)၀၀၀၆၈၉)၊ (၃)ဒေါ်ယဉ်မွန်ဝင်း (၁၂/ဒဂမ(နိုင်)၀၀၅၅၈၇) တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်မထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း) များဖြင့် ယခုကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူဝင်း (၁၂/ဥကတ(နိုင်)၀၄၀၄၆၆)**
**ဖုန်း-၀၉-၅၀၄၉၆၂၈**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ သိမ်ကြီးလမ်း၊ မြေကွက်အမှတ် (၁၂)ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အအုံ၏ (ပထမထပ်)၊ အခန်းအမှတ် (2-B)၊ (တိုက်ဘက်ကို မျက်နှာမူ၍ ကြည့်လျှင် ယာ-ဘက်ခြမ်း)၊ (၁၂ ပေခွဲ x ပေ ၅၀ ) အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်လျှပ်စစ်မီတာ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အစဉ်အဆက် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးဆန်းနိုင်ဝင်း (၉/ညဥန(နိုင်)၁၁၅၀၂၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်လှိုင် (၁၂/ကမတ (နိုင်)၀၅၂၁၂၅)က အပိုင်ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ (သို့) ဆက်ခံခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိစ္စရပ်အပေါ် ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်မျိုးသူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၇၄၆၂)**
**အမှတ်(၉၁)၊ ၄-လွှာ(ဘီ)၊ (၁၂၃)လမ်း၊ သပြေကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၁၃၂၂၇၆**

## ဗိုလ်မှူးဇော်ဝင်းနိုင် (ငြိမ်း) ဝေဒပညာရှင် အသက် (၅၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်သာနေ ဦးမြင့်သိန်း-(ဒေါ်ခင်ခင်ဝင်း)တို့၏သား၊ ရန်ကုန်မြို့နေ(ဦးသိန်းထွန်း - ဒေါ်စမ်းကြည်) တို့၏ သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်နေ ဒေါ်ခင်ချိုသက် ၏ခင်ပွန်း၊ မောင်သတိုးအောင် ၊ မသံသာရွှန်းလက်တို့၏ ဖခင် ဗိုလ်မှူးဇော်ဝင်းနိုင် (ငြိမ်း)ဝေဒပညာရှင် အသက် (၅၈) နှစ်သည် ၁၂-၁၀-၂၀၂၆ရက်တွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ပါသဖြင့် ကြွင်းကျန်သော ရုပ်ကလာပ်အား ၁၄-၁၀-၂၀၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ငြိမ်းအေးဓမ္မာရုံမှ မင်္ဂလာဒုံစစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကလေးမြို့နယ်၊ အောင်မြင်သာကျေးရွာနေ ဦးစန်းဝင်း၏ သမီး မယွန်းမှူးအိမ် (ခ) မယွင်းမှူးအိမ် ၅/ကလထ (နိုင်) ၂၉၆၆၀၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မယွန်းမှူးအိမ် (ခ) မယွင်းမှူးအိမ်

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကွတ်ခိုင်မြို့၊ ရပ်ကွက် (၄)နေ မောင်သီဟထွန်းနှင့် မမေသရဖူတို့၏ ဖခင် ဦးကူပင်း(ခ)ဗလာရမ် (ခ) ကူဘီ(ရ်) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၆)၊ ကွင်း/အကွက်အမှတ် (RA - IV/ကွက်ပြင် -၄)၊ ဦးပိုင်အမှတ် (၆- ကဈ)၊ မြေဧရိယာ (၀.၀၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်ခိုင်စုဝေမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ( ၁၅ ) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်း/အကွက်အမှတ် (၆၅၅/ဒိုးပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၇၇/B) ၊ မြေဧရိယာ (၀ဒသမ ၄၆) ဧကရှိ မြေကွက်အား မြေငှားဂရန် (စက်မှု/စီးပွား၊ ဂရန်သစ်) လျှောက်ထားနိုင်ရေး Max Energy Co.,Ltd(ကိုယ်စား)ဦးမြတ်သူမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်း/အကွက်အမှတ်(၆၅၅/ဒိုးပင်ကွင်း)၊ ဦးပိုင်အမှတ် (၁၇၇/A) ၊ မြေဧရိယာ (၀ဒသမ ၅၀) ဧကရှိ မြေကွက်အား မြေငှားဂရန် (စက်မှု/စီးပွား၊ ဂရန်သစ်) လျှောက်ထားနိုင်ရေး Max Energy Co.,Ltd(ကိုယ်စား)ဦးမြတ်သူ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/အရှေ့)၊ အောင်သပြေအရှေ့(၇)လမ်း၊ မြေကွက်အမှတ် (၅၄၈/က)၊မြေအကျယ်အဝန်းပေ(၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)၊ (၀.၀၂၇၅)ဧကရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်အေးမြင့် (CF-၀၅၈၉၈၁) အမည်ပေါက်နှစ်(၆၀)ဂရန်မူရင်း၊ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အဆက်စပ်မူရင်းများနှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်တင်တင်ဝင်း (၁၁/မတန(နိုင်)၀၁၃၇၆၃)မှ အရှုပ်အရှင်းကင်းစွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ရောင်းချရန် ကမ်းလှမ်းရာ ကျွန်မမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း စာရွက်စာတမ်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဝိုင်း**
**(၉/မနမ(နိုင်)၀၄၄၇၆၀)**
**ဖုန်း-၀၉-၄၅၀၀၆၀၅၃၂**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ဆီမီးထွန်းကျေးရွာအုပ်စု၊ သဲဖြူကျေးရွာနေ(ဘ) ဆလိုင်းနော်အေး ၈/တတက(နိုင်)၀၂၅၈၅၂ (မိ)မိုင်ငွေး ၈/တတက(နိုင်)၀၂၅၉၆၇ ၏သား ဆလိုင်းအောင်ရှင်တင် ၈/တတက(နိုင်)၀၃၁၉၉၀ သည် မိဘများ၏ဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့်ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ နောက်နောင် ဆလိုင်းအောင်ရှင်တင်နှင့်ပတ်သက်သည့် ကိစ္စအဝဝကို မိဘများမှ လုံးဝ (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိဘများ -**
**ဆလိုင်းနော်အေး-ဒေါ်မိုင်ငွေး**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တသာသန
## မကျည်းရွာ၊ ရမ်းဗြဲမြို့နယ်
## သက်တော် (၉၂) နှစ်၊ သိက္ခာတော် (၇၂) ဝါ

၁၁-ပါးမြောက် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ရမ္မာဝတီဆရာတော် ဦးကုလ္လပါလ၊ သ,စ,အ ဓမ္မာစရိယ ပါဠိပါရဂူ ဦးဂုဏသာမိဘိဝံသနှင့် တပည့်ရဟန်းသံဃာ၊ အလှူဒါယကာများစွာတို့၏ ကန့်ကူလက်လှည့်ငယ်ဆရာရင်း မူလဘူတဥပဇ္ဈာယ်ဆရာတော်ကြီး ဘဒ္ဒန္တသာသန(သာသနဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) မထေရ်မြတ်သည် ကောဇာသက္ကရာဇ် (၁၃၈၈-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်) ၁၀-၁၀-၂၀၂၆ ရက် (စနေနေ့) ညနေ ၃ နာရီတွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ မကျည်းကျွန်းမြောက်ကျောင်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါသည်။ ဆရာတော်ကြီးအားရည်စူး၍ (၇) ရက်ပြည့် ရက်လည်ဆွမ်းကပ်အမျှဝေခြင်းကို ၁၆-၁၀-၂၀၂၆ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် မင်္ဂလာဒုံ၊ ပုလဲမြို့သစ် တိပိဋက ပုလဲရောင်ရှိန်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဆရာတော်ကြီး၏ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ ဆက်စပ်သူအပေါင်းတို့အား အသိပေးဖိတ်ကြားအပ်ပါသည်။

**တိပိဋက ရမ္မာဝတီဆရာတော်နှင့် မကျည်းအသင်း(ရန်ကုန်)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၈)၊ ငွေဇင်ယော်လမ်း၊ မြေကွက်အမှတ်(၁၀၅၆/ခ)ဟုခေါ်တွင်သော မြေအလျားxအနံပေ(၂၀x၆၀)ရှိ မြေချပါမစ်မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက် ပိုင်ဆိုင်သူ ဦးကျော်ရှိန် (ISN-၄၆၇၉၃၉)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်း အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်ဝင်း (၁၂/လကန(နိုင်)၀၃၃၅၇၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်လက်ချိမ်း(ခ)ဒေါ်မိုးသီတာ (၁၃/တကန(နိုင်)၃၃၃၁၄) က အရောင်းအဝယ်စာချုပ်စာတမ်းဖြင့် အပြီးအပိုင် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး အဆိုပါ မြေကွက်အပါအဝင် ဆက်နွယ်ပတ်သက်သည့် ဆက်စပ်စာချုပ်စာတမ်းနှင့် စာရွက်စာတမ်းများကို လက်ရောက်လက်ခံ လွှဲပြောင်းရယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါ၍ အဆိုပါ မြေကွက်နှင့် အဆောက်အအုံသည် ကျွန်ုပ်၏မိတ်ဆွေမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
|---|---|---|
| အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၈၇၃၀၀၂၁၁၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ မေမြို့ပန်းလမ်း၊ မြေကွက်အမှတ် (၆၃၃)၊ မြေအကျယ်အဝန်းပေ (၄၀x၆၀)ရှိ ဦးတင်ထွန်း (CE-၀၈၀၁၂၈) အမည်ပေါက်မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၆၃၂)နှင့်ကပ်လျက်ရှိသောပေ(၂၀x၆၀)ရှိ မြေချပါမစ်(မူရင်းခြမ်း)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးတင်ထွန်း အမည်ပေါက် မြေချပါမစ်မူရင်း၊ နှစ်ဦးသဘောတူ အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်များနှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဦးဇေယျကျော် (၁၂/ဒဂရ(နိုင်)၀၀၇၂၂၃)မှ အရှုပ်အရှင်းကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာဇာသင်း (၈/မကန(နိုင်)၁၈၇၅၄၄)၊ ဖုန်း-၀၉- ၄၄၃၇၁၁၂၇၉**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျွန်းစုမြို့နယ်၊ ညောင်ဘီးကျေးရွာအုပ်စု၊ ညောင်ဘီးကျေးရွာနေ မောင်မျိုးသူရ ၆/ကစန(နိုင်)၁၇၁၃၉၀၏ ဖခင် ဦးတင်မောင်လွင်နှင့်ဦးခင်မောင်လွင် ၆/ကစန(နိုင်)၀၆၇၃၈၀မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်မောင်လွင်(ခ)**
**ဦးခင်မောင်လွင်**

## ဖခင်အမည်မှန်

ပုလောမြို့၊ မူလွန်(၄)၊ Grade-8 (B) မှ မဆောင်းလေပြေမျိုး၏ဖခင် ဦးမျိုးတေဇ၏ အမည်မှန်မှာ ဦးလပြည့် ၆/ပလန(နိုင်) ၀၈၇၄၂၄ ဖြစ်ပါကြောင်း။

**ဦးလပြည့်**

## ဦးဇော်မိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးနေမျိုးဇော်၌ (၂-၁၀-၂၀၂၆)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၂) နှင့် (၂၃)တို့တွင် ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်းအပေါ်ကန့်ကွက်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအုပ်စု၊ နောင်လုံးကျေးရွာ၊ ကွင်းအမှတ်(ထုံးဘို၊ ပြင်)၊ ဦးပိုင်အမှတ်(၁၈၂/၁) မြေဧရိယာ အရှေ့အနောက်ပေ (၁၀၀)၊ တောင်မြောက်ပေ (၁၂၀) အုတ်တံတိုင်း၊ သံပန်း၊ သံတံခါးခတ်ထားသည့် မြေကွက်နှင့် အရှေ့ အနောက်ပေ (၁၀၀)၊ တောင်မြောက်ပေ (၅၀)၊ အုတ်တံတိုင်း၊ သံပန်း၊ သံတံခါး၊ ခတ်ထားသည့် မြေ (၁)ကွက်တို့အား ကျွန်ုပ်၏ မိတ်ဆွေက (၁၈-၉-၂၀၂၄)ရက်တွင် မူလမြေပိုင်ရှင်ထံမှ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဇနီးဒေါ်လေးမြသို့ အထက်ပါမြေကွက်(၂)ကွက်နှင့်စပ်လျဉ်း၍ အရောင်းအဝယ် စာချုပ် ချုပ်ဆိုပေးခဲ့ခြင်းမရှိ၍ ဦးဇော်မျိုးအောင်သို့ ဇနီးဖြစ်သူ ဒေါ်မြလေး ရောင်းချခဲ့ခြင်းကို သိရှိသဘောတူခြင်းမရှိပါကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ လက်ရေး၊ လက်မှတ်၊ တုပပြုလုပ်၍ စာချုပ်ချုပ်ဆိုခဲ့ခြင်းအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝယ်ယူထားသူ ဦးဇော်မိုးထက် မှလည်း အရောင်းအဝယ် ဆက်လက်မပြုလုပ်ရန် အသိပေးကန့်ကွက်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးဇော်မိုးထက် | ဒေါ်လှယဉ်ဝင်း | ဒေါ်နန်းမေဖူးစံ |
|---|---|---|
| | (B.A, HGP) | (LL.B) |
| | စဉ်-၁၉၄၄၈/၁၉၉၁ | စဉ်-၅၂၇၇/၂၀၂၂ |
| | (အထက်တန်းရှေ့နေ) | (အထက်တန်းရှေ့နေ) |

**အမှတ်(၃၆)၊ (၇)ကွက်၊ မန္တလေးလားရှိုးလမ်း၊ ပြင်ဦးလွင်မြို့၊**
**Ph-09-5023184, 085-2021987**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဆင်ဖြူကျေးရွာနေ (ဘ) ဦးကျော်စိုးဝင်း-ဒေါ်မော်မော်စန်းတို့၏ သားဖြစ်သူ မောင်ရဲသီဟ(၉/တသန(နိုင်)၂၄၈၆၅၀)သည် မိဘဆွေမျိုးများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ ပြုလုပ်ခြင်း၊ မိဘများအားစိတ်ဆင်းရဲစေသော ကိစ္စရပ်များ အကြိမ်ကြိမ် ပြုလုပ်ခဲ့ခြင်းများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(မိဘ) ဦးကျော်စိုးဝင်း- ဒေါ်မော်မော်စန်း**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9475 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ကယားပြည်နယ်ရုံး**
**(လွိုင်ကော်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၇၀၁၄၈ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၉ယ/၄၃၃၉၉, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထိုက်ဦး ၆/မမန(နိုင်)၂၅၂၀၅၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြိတ်)**

❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၁၃

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I) ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက် အမှာစကားပြောကြားသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ❒

## ယနေ့ သတင်းအညွှန်း

**ဖိလစ်ပိုင်၌ အသက် ၁၃ နှစ်အောက် ကလေးများ လူမှုကွန်ရက်အသုံးပြုခွင့် ကန့်သတ်မည့် ဥပဒေကြမ်းကို အောက်လွှတ်တော် အတည်ပြု**

နိုင်ငံတကာသတင်း စာ ၁၄

**ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်း အတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီး**

ပြည်တွင်းသတင်း စာ ၁၆

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၃

အားကစားရေးရာဝန်ကြီးဌာနက ကြီးမှူးပြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ ကျင်းပသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ○



## ရောဝတီအက်ဖ်စီ အမျိုးသမီးအသင်း ဂျပန်ကစားသမားနှစ်ဦးကို ခေါ်ယူအားဖြည့်

ရန်ကုန် အောက်တိုဘာ ၁၃

အာရှအမျိုးသမီးချန်ပီယံလိဂ် အုပ်စုပွဲစဉ်များနှင့် မြန်မာအမျိုးသမီးလိဂ် ဒုတိယအကျော့ ပြိုင်ပွဲများအတွက် အဓိကပြင်ဆင်နေသည့် ရောဝတီ အက်ဖ်စီ အမျိုးသမီးအသင်းသည် အသင်းအင်အား တောင့်တင်းစေရန် အတွက် ဂျပန်ကစားသမားနှစ်ဦးဖြစ်သည့် ကွင်းလယ်လူ ဟီနာရီ မီယာ မိုတိုနှင့် နောက်တန်းကစားသမား ခုရုမီအီဝါရှိတတို့ကို ခေါ်ယူ စာချုပ် ချုပ်လိုက်ပြီ ဖြစ်သည်။

*စာမျက်နှာ ၁၅ ကော်လံ ၅* ✤

## M League U-20 ဘောလုံးပြိုင်ပွဲ GALAXY အသင်းက သစ္စာအားမာန်ကို အနိုင်ရ

ရန်ကုန် အောက်တိုဘာ ၁၃

M League 2026 U-20 အမှတ်ပေးဘောလုံး ပြိုင်ပွဲ အပတ်စဉ်(၁၉) ဒုတိယနေ့ပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီခွဲက YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ GALAXY အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် GALAXY အသင်းက ခြေစွမ်းပြကစားခဲ့ပြီး ပွဲချိန် ၄ မိနစ်တွင် စိုင်းမင်းအောင်က ထောင့်ကန်ဘော ပေးပို့မှုမှ ဦးဆောင်ဂိုး စတင်သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ❁



## မြန်မာ ယူ-၁၇ အမျိုးသမီးအသင်း ပါဝင်သည့် AFC U-17 အာရှဖလား နောက်ဆုံးအဆင့် ပြိုင်ပွဲဝင်အသင်း စာရင်းထွက်ပေါ်

ရန်ကုန် အောက်တိုဘာ ၁၃

မြန်မာယူ-၁၇ အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသည့် AFC U-17 Women's Asian Cup China 2027 နောက်ဆုံးအဆင့်ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရရှိသည့် အာရှထိပ်သီး အသင်း ၁၂ သင်း၏ အမည်စာရင်းများ ပေါ်ထွက်ခဲ့ပြီး အုပ်စုမဲခွဲပွဲကို ဒီဇင်ဘာလအတွင်း ပြုလုပ်သွားမည် ဖြစ်သည်။

နောက်ဆုံးအဆင့်ပြိုင်ပွဲကို တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အိမ်ရှင် တရုတ်အသင်းနှင့်အတူ တိုက်ရိုက်ယှဉ်ပြိုင်ခွင့်ရရှိထားကြသည့် မြောက်ကိုရီးယား၊ ဂျပန်နှင့် ဩစတြေးလျအသင်းတို့ ပါဝင်သည်။

*စာမျက်နှာ ၁၅ ကော်လံ ၅* ✻

## ကိုဗင်ထရီက နယူးကာဆယ်ကို အနိုင်ယူပြီး ၂၅ နှစ်အတွင်း ပထမဆုံး အိမ်ကွင်းပရီမီယာလိဂ်နိုင်ပွဲရရှိ

ပရီမီယာလိဂ်ပွဲစဉ် (၆) ပွဲကျန်မှ ကိုဗင်ထရီနှင့် နယူးကာဆယ်အသင်း ပွဲစဉ်ကို အောက်တိုဘာ ၁၃ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး ကိုဗင်ထရီအသင်းက လေးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ◆

